# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပေါင်းလပြည့်ကျော်(၄)ရက် ၊ တနင်္လာနေ့ ၊ (17-3-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၂၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်



**နေပြည်တော် မတ် ၁၆**

၂၀၂၅ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သဘင်ဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသည်။

**စာမျက်နှာ ၁၆ ကော်လံ ၅**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စည်သူဘွဲ့ရရှိသူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။**




ရတနာပုံ
၂၀၂၅ ခုနှစ် မတ် ၁၇ ရက်

**အယ်ဒီတာ့အာဘော်**

# နိုင်ငံတော်ကိုအကျိုးပြုသည့် ဂုဏ်ပြုချီးမြှင့်ထိုက်သူများ

နိုင်ငံတော်ကိုထူးကဲစွာ အကျိုးပြုသည့် ဂုဏ်ပြုချီးမြှင့်ထိုက်သူ သာသနာ့အာဇာနည်များ၊ လူပုဂ္ဂိုလ်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများကို ဂုဏ်ထူးဆောင်တံဆိပ်များ၊ ဘွဲ့တံဆိပ်များစနစ်တကျစိစစ်ပြီး နိုင်ငံတော်ကချီးမြှင့်သည်။ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရားနှင့်ညီသောဆောင်ရွက်ချက်ပင်ဖြစ်ပေသည်။

၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်းကို မတ် ၁၃ ရက်တွင် နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်ဥယျာဉ်တော်ကြီးအတွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခဲ့ပါသည်။

၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲတွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးရှစ်ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး ငါးပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအပါး ၂၀၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၅၂ ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂၅ ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၀ ပါးနှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး နှစ်ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပူဇော်ခဲ့ပြီး သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရရှိကြသည့် လူပုဂ္ဂိုလ် ၁၃ ဦးတို့ကို ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းခဲ့သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၂၅ ဖြင့် ၂၀၂၅ ခုနှစ် မတ် ၁၃ ရက်တွင် ချီးမြှင့်အပ်နှင်းလိုက်သည်။

ယခုကဲ့သို့ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခံရသည့်ပုဂ္ဂိုလ်များသည် သာသနာ့အကျိုး၊ နိုင်ငံအကျိုးကို သားစဉ်မြေးဆက် ဂုဏ်ယူဝင့်ကြွားနိုင်သော ထိုက်တန်သည့်စွမ်းဆောင်ရည်မျိုးကို အသက်ကိုပင်မငဲ့ကွက်ဘဲ ခွဲ၊ လုံ့လ၊ ဝီရိယတရားများ အရင်းတည်၍ ဆောင်ရွက်ခဲ့ကြသူများပင်ဖြစ်သည်။ ထိုသို့ နိုင်ငံတော်အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များ ဂုဏ်ထူးဆောင်တံဆိပ်များ၊ ဂုဏ်ထူးဆောင်ဘွဲ့များ ထိုက်ထိုက်တန်တန်ရရှိမှုအပေါ် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။

နိုင်ငံတော်အနေဖြင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်း၊ နိုင်ငံတော်တည်ဆောက်ရာတွင် ကဏ္ဍပေါင်းစုံက မဆုတ်မနစ်သောခွဲ၊ လုံ့လ၊ ဝီရိယကြီးစွာဖြင့် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြသည့်ပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်ခြင်းသည် ဂုဏ်ပြုထိုက်သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ပေရာ အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ နှစ် ၈၀ ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီ ၆၄၆၈ ဧကထိ နုတ်သိမ်းပြီးစီး



ယင်းမာပင် မတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီ ၆၄၆၈ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၉၈၄၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော ကြက်သွန်နီစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ၆၄၆၈ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၄၅၆ ဒသမ ၇၅ ပိဿာ ထွက်ရှိကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်မှာ ကြက်သွန်နီ ၉၈၄၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကြက်သွန်နီခင်းတွေ လက်ရှိအချိန်မှာတော့ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၆၄၆၈ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကြက်သွန်နီ စိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့တယ်။ ကြက်သွန်နီစိုက်ပျိုးမှုအနေနဲ့ကတော့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကြက်သွန်နီဈေးကွက်တွေ ဈေးကောင်းရဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ကြက်သွန်နီနုတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၂၂၅၉ ဧက၊ ကနီမြို့နယ်တွင် ၂၆၁ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၃၉၄၈ စုစုပေါင်း ၆၄၆၈ ဧက ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်အတွင်းရှိ သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြက်သွန်နီ စိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာအထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့်စိုက်ပျိုးနိုင်ရန်နှင့် ကြက်သွန်နီများ အရည်အသွေးကောင်းမွန်စေရန်အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြက်သွန်နီများ စိုက်ပျိုးကြပြီး ကြက်သွန်နီအများဆုံးစိုက်ပျိုးကြသည့်မြို့နယ်များမှာ မုံရွာ၊ ယင်းမာပင်၊ ချောင်းဦး၊ ရွှေဘို၊ မြင်းမူမြို့နယ်တို့ဖြစ်သည်။

ကြက်သွန်နီ အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီး

မြောင်းမြ မတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာ၌ ဗိုလ်ကိတ်ပဲဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာ၌ ဗိုလ်ကိတ်ပဲ ၅၀၅၉ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဗိုလ်ကိတ်ပဲဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဗိုလ်ကိတ်ပဲများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်အတွင်းမှာ အခုနှစ် ဗိုလ်ကိတ်ပဲ ၅၀၅၉ ဧကထိ စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာတော့ ရာနှုန်းပြည့်စိုက်ပျိုးပြီးပါပြီ။ စိုက်ပျိုးထားတဲ့ ဗိုလ်ကိတ်ပဲတွေ အသီးကောင်းစေရေး၊ အထွက်နှုန်းကောင်းစေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး ဌာနကဆောင်ရွက်ပေးနေပါတယ်။ ဗိုလ်ကိတ်ပဲတွေအပါအဝင် ဆောင်းသီးနှံတွေ တစ်ဧကချင်းအထွက်ညီစေဖို့ ခရိုင်နဲ့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေပူးပေါင်းလုပ်ဆောင်နေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ဆောင်းသီးနှံများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေးအပါအဝင် ဗိုလ်ကိတ်ပဲများ အထွက်နှုန်းညီစေရန် မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အပင်အားဆေးများ အသုံးပြုမှု မှန်ကန်စေရေး နည်းစနစ်များ၊ ဒေသမြေအနေအထားနှင့် မြေပဲမျိုးကောင်းမျိုးသန့်အသုံးချမှုများ၊ စိုက်ပျိုးနည်းစနစ်များ စသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဗိုလ်ကိတ်ပဲ အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဗိုလ်ကိတ်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**သာစည် မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဘုရားကုန်းကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို မတ် ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘုရားကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ဦးရေ ၄၀ ကို ငွေကျပ် ၁၉ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ဦးရေ ၄၀ ကို ငွေကျပ် ၂၂ ဒသမ ၄ သန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ဦးရေ ၄၀ ကို ငွေကျပ် ၂၁ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ ကို ရန်ပုံငွေကျပ် ၆၃ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဦးဇော်ဇော်မျိုး-ဒေါ်သက်နှင်းလွင်(ဘုန်းမြန်မာကုမ္ပဏီလီမိတက်)မိသားစုက ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ နှင့် ဆပ်ပြာအဆီများ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏာနှင့်ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# လပွတ္တာမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ခုံးစိမ်းပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရ



**လပွတ္တာ မတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက ခုံးစိမ်းပိဿာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် သဘာဝအတိုင်း ဖမ်းယူရရှိသည့် ခုံးစိမ်းများကိုရန်ကုန်စျေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်းက ခုံးစိမ်းပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ခုံးစိမ်းပိဿာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ခုံးစိမ်းများကို ရန်ကုန်စျေးကွက်က ဝယ်ယူမှု များပြားလျက်ရှိကြောင်း သိရသည်။

"ဒေသကထွက်ရှိတဲ့ ခုံးစိမ်းတွေ အဝယ်လိုက်နေပါတယ်။ ပြည်တွင်းစျေးကွက်မှာကို အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ခုံးစိမ်းတွေ အရောင်းအဝယ်ကောင်းခဲ့ပါတယ်။ အရင်လတွေကထက် ကုန်ချိန်တွေလဲ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ လပွတ္တာမြို့နယ်ဘက်က ငါးတွေ၊ ပုစွန်တွေ ကဏန်းတွေအပြင် ခုံးစိမ်းကို သဘာဝအတိုင်း ရှာဖွေဖမ်းယူရရှိကြတာဖြစ်ပါတယ်။ ဒေသထွက် ခုံးစိမ်းတွေကို လပွတ္တာမြို့နယ် ကနေတစ်ဆင့် ရန်ကုန်စျေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ခုံးစိမ်းတွေ အရောင်းအဝယ်ကောင်းမွန်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိနေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများအပြင် ခုံးစိမ်းများကို ရေလုပ်သားများထံမှ ဝယ်ယူပြီး စနစ်တကျ သန့်စင်ထုပ်ပိုးပြီး ရန်ကုန်စျေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းရှူးမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းရှူး မတ် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုက်ပါကျေးရွာအုပ်စု ဟိုက်ပါကျေးရွာနှင့်ဖတ်ဟာကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးခြင်းကို မတ် ၁၅ ရက်နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဟိုက်ပါကျေးရွာ၌ ထုတ်ချေးပေးခဲ့သည်။

ရှေးဦးစွာ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးက ဟိုက်ပါ ကျေးရွာနှင့် ဖတ်ဟာကျေးရွာတို့ရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရန်၊ လိုအပ်သည့်ငွေကြေး အရင်းအနှီးများ ရရှိစေရန်၊ တိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ထုတ်ချေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာ နှစ်ရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# ဒီပဲယင်းမြို့နယ်တွင် ကုလားပဲ ၂၈၄၃ ဧကထိ ရိတ်သိမ်းပြီးစီး၊ တစ်ဧကလျှင် ၁၆ ဒသမ ၅၅ တင်း ထွက်ရှိ

**ရွှေဘို မတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ကုလားပဲ ၂၈၄၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၅၅ တင်း ထွက်ရှိကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၅၄၂၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၈၄၃ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၅၄၂၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကုလားပဲစိုက်ခင်းတွေ လက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၂၈၄၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့ လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့်ရေဆင်း (၈) နှင့်ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ကုလားပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းထံမှ သိရသည်။

(၂၀၆)



# စာဖတ်ခြင်း၏ အရသာ

ချစ်နိုင်(စိတ်ပညာ)

**"တွေ့သမျှသောစာအုပ်သည် ကြီးပွားရန် လမ်းအခွင့်ဖြစ်၏။ ဖတ်သမျှစာသည် ကြီးပွားရန် လမ်းအခွင့်ဖြစ်၏။**

**သတင်းစာ၌ပါသော သတင်းဟူသမျှသည် ကြီးပွားရန် လမ်းအခွင့်ဖြစ်၏။ တိုင်းပြည်၌လှုပ်ရှားခြင်းဟူသမျှသည် ကြီးပွားရန်လမ်းအခွင့်ဖြစ်၏။ တိုင်းပြည်၌ ငြိမ်သက်ခြင်းဟူသမျှသည် ကြီးပွားရန် လမ်းအခွင့်ဖြစ်၏။**

**ထိုလမ်းအခွင့်တို့ကား လူကောင်းဖြစ်ဖို့ လမ်းအခွင့်၊ လူလိမ္မာဖြစ်ဖို့လမ်းအခွင့်၊ သတိတရားရဖို့ လမ်းအခွင့်၊ အဆွေခင်ပွန်းကောင်းရဖို့ လမ်းအခွင့်၊ အလုပ်အကိုင်ရဖို့ လမ်းအခွင့်များဖြစ်ကြလေရာ လောကကြီးတစ်ခုလုံး၊ ပထဝီမြေမျက်နှာပြင် တစ်ပြင်လုံးသည် လမ်းအခွင့်တို့နှင့်ပြည့်နှက်နေကြလေသည်။**

**ပီမိုးနင်း(၁၈၈၃-၁၉၄၀)**
**(ကမ္ဘာ့မင်တန် ခေါ်**
**ကြီးပွားအောင်မြင်ခြင်းစာအုပ်မှ)**

ဆရာကြီးပီမိုးနင်းက ကမ္ဘာလောကကြီးတစ်ခုလုံးတွင် **လမ်းအခွင့်**(အခွင့်အလမ်း)များနှင့်ပြည့်နှက်လျက်ရှိနေပုံကို အားတက်စရာကောင်းစွာ ဖော်ပြရေးသားခဲ့လေသည်။

လောကကြီးမှာ ဤမျှအားတက်စရာကောင်းနေခြင်းကား လူသားသည် ကြားတတ်သောနား၊ မြင်တတ်သောမျက်စိနှင့် သိတတ်သောအသိဉာဏ်တို့ရှိခဲ့သောကြောင့် ဖြစ်၏။ လူ့သမိုင်းတစ်လျှောက်တွင် ၂၁ ရာစုခေတ်ကာလလောက် ထူးခြားဆန်းကြယ်စွာ ဖွံ့ဖြိုးတိုးတက်မှုတို့သည် မရှိခဲ့ဖူးပေ။

ကားတွေလည်း အမြန်ဆုံးပြေးသောကားမျိုး။ ရထားတွေလည်း ကျည်ဆန်ရထားခေါ်ရအောင် လျှင်မြန်လွန်းသောရထားများ၊ လေယာဉ်ပျံ၊ ပင်လယ်ကူးသင်္ဘော စသည်တို့အပြင် အာကာသကိုပင် ယာဉ်အမျိုးမျိုးဖြင့် ဂြိုဟ်တု၊ ဒုံးပျံများနှင့် လွန်းပြန်သွားလာနေကြပေပြီ။ ယနေ့ခေတ်မှာ လူသားက ရိုဘော့ ခေါ် စက်ရုပ်များကို စက်ရုံ၊ အလုပ်ရုံကြီးများတွင် ဆံချည်တစ်မျှင်စာလေးတောင် မလွဲမချော်အောင် အလုပ်ကိုကျွမ်းကျင်စွာ လူကဲ့သို့လုပ်ကိုင်တတ်ကြသော စက်ရုပ်များကို ခိုင်းစေအသုံးချနေကြပြီ။ မျက်မှောက်ခေတ် လူတွေ၏စွမ်းပုံ တော်ပုံတွေကား ပြော၍မကုန်အောင် လူ့အဖွဲ့အစည်းကို ချမ်းသာကြွယ်ဝ၊ ပြည့်စုံတိုးတက်စေနိုင်သကဲ့သို့ တခြားတစ်ဖက်မှာလည်း အရေအတွက်များစွာသော လူပို၊ လူညံ့၊ လူမိုက်၊ လူတော၊ လူပေ၊ လူ့အမှိုက်တွေလည်း များစွာရှိနေပေသေး၏။ အရင်းစစ်သော် အမြစ်မြေကဆိုသကဲ့သို့ စာမတတ်ပေမတတ် ဖြစ်သူလည်းရှိ၊ စာကို ရေးတတ်၊ ဖတ်တတ်ပါသော်လည်း ရေးခြင်း၊ မှတ်ခြင်း၊ ဖတ်ခြင်း၊ ကောင်းရာဘက်မှာ အသုံးချခြင်း မပြုဘဲ လုယက်၊ လိမ်ညာ၊ ဖျက်ဆီး မကောင်းမှုဘက်သာ လုပ်ဆောင်သူတို့လည်း ရှိနေကြ၏။ အကြောင်းရင်းအခြေအမြစ်ကား အသိဉာဏ်ခေါင်းပါး၊ အသိအမြင်လွဲမှား၊ အတွေးအခေါ် နည်းပါးခြင်းကြောင့်သာ။ စာမဖတ် ပေမဖတ် နေခဲ့ကြသဖြင့် ဗဟုသုတမရှိ။ လောကကြီးမှာ ဘာတွေဖြစ်နေသလဲ။ ဘာ့ကြောင့် ဘာတွေဖြစ်လာရသလဲ မသိ။ ထင်ရာ မြင်ရာသာ စွဲပိုက်မိုက်မဲ၏။

အချို့က ပြောကြသည်။ "ဒီနေ့လူငယ်တွေ စာမဖတ်ကြဘူး" ဤစကားမျိုးကို နေရာအနှံ့အပြားတွင် ကြားရတတ်၏။ ဂျပန်၊ စင်ကာပူ၊ တောင်ကိုရီးယားနိုင်ငံများ စီးပွားရေးဖွံ့ဖြိုးတိုးတက်ကြခြင်းမှာ လူတွေက စာဖတ်ကြသည်။ အတတ်ပညာ၊ အသိပညာရှိကြသည်။ ထို့ကြောင့် စိုက်ပျိုးထွက်ကုန်များက အရေအတွက်ကောင်းသည်။ စက်ရုံ၊ အလုပ်ရုံများကလည်း ထွက်ကုန်အရေအတွက်များသည်။ တရုတ်၊ အိန္ဒိယ၊ အရှေ့တောင်အာရှနိုင်ငံများပင်လျှင် နိုင်ငံအတွင်း လုံခြုံအေးချမ်းသဖြင့် ထုတ်ကုန်တွေ တိုးမြင့်ကြသဖြင့် ဆယ်စုနှစ် နှစ်ခေတ်လောက်အတွင်း ကြီးပွားတိုးတက်သွားကြသည်။ ၂၁ ရာစုကာလအတွင်း ပညာရေးနိမ့်ကျလျက် ထွက်ကုန်နည်းပါး လူတွေလည်း ဆင်းရဲနိမ့်ပါးကျန်ရစ်ခဲ့ရသည်မှာ မိမိတို့နိုင်ငံသာလျှင် ဖြစ်နေပါတော့သည်။

အသိပညာ၊ အတတ်ပညာ ပိုမိုတိုးတက်အောင် တစ်ဦးချင်းက တိုးတက်ချင်စိတ် ရှိကြရပေမည်။ ပညာကို နေ့စဉ်ကြိုးစား၍ ရှာဖွေဆည်းပူးမည်ဟု ခံယူကြရမည်။ ငွေကုန်ကြေးကျခံ၍ သင်တန်းအမျိုးမျိုးကို မတက်နိုင်လျှင် ရှိစေဦး။ ကုန်ကျစရိတ်အနည်းဆုံး၊ အနိမ့်ဆုံး၊ အသက်သာဆုံးနှင့် အကျိုးရှိပုံ အထိရောက်ဆုံးသော အလုပ်ကား စာဖတ်ခြင်းပင် ဖြစ်လေသည်။

> **❖စာဖတ်ခြင်း၏အရသာနှင့်ပတ်သက်၍ စာဖတ်သူသိပြီးသားလည်း ဖြစ်ကောင်းဖြစ်မည်။ ယခုဖတ်လိုက်ရမှ သဲသဲကွဲကွဲ ထင်ထင်ရှားရှား သိမြင်ရခြင်းလည်းဖြစ်ချင်ဖြစ်မည်။ အကယ်၍သာ သင်သည် စာကောင်းပေကောင်းတို့၏အရသာကို ကောင်းစွာခံစားသိရှိထားပြီဆိုပါက အချိန်ကာလအပိုင်းအခြားကို ဖြတ်သန်းလွန်မြောက်နိုင်သော "နတ်မျက်စိ" ကို ရခဲ့ပေသည်။ နေရာဒေသ ပိုင်းခြားကွာဝေးခြင်းသဘောကို အနီးကပ်ဆွဲယူကြည့်မြင်သိရှိနိုင်စွမ်းသော ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ "ထူးခြားဆန်းကြယ်သောအကြားအမြင်" ကို ရလိုက်လေသည်။ ❖**

ဘယ်အရွယ်ပဲဖြစ်ဖြစ် စာဖတ်လျှင် အသိပညာ၊ အတတ်ပညာ တိုးလာမည်။ မြန်မာစာပဲဖြစ်ဖြစ်၊ အင်္ဂလိပ်စာပဲဖြစ်ဖြစ်၊ ကွန်ပျူတာပညာပဲဖြစ်ဖြစ်၊ စာရင်းကိုင်ပညာပဲဖြစ်ဖြစ် နေ့စဉ်ရက်ဆက်ကျက်မှတ်ရေးသားပြီး လေ့ကျင့်ခန်းမှန်မှန်လုပ်သွားပါက မုချ မလွဲမိမိ၏အရည်အချင်း တိုးတက်လာမည်ပဲဖြစ်၏။

သိပြီးသား တတ်ပြီးသားဟူ၍ မည်သူမျှမရှိ။ စာရေးသူသည် အဋ္ဌမတန်းကျောင်းသားအရွယ်တွင် ငါကြီးလာရင် ဘာလုပ်မလဲဟု မိမိကိုယ်ကို မေး၏။ စာရေးဆရာလုပ်မည်ဟု ဆုံးဖြတ်၏။ စာရေးဆရာဆိုသည်မှာ လူတစ်ထောင် တစ်သောင်းတောင် မထွန်းပေါက်ပါ။ စာရေးဆရာတစ်ယောက် ပေါ်ပေါက်လာသည် ဆိုပါကလည်း ဆင်းဆင်းရဲရဲသာ နေထိုင်၍ သေဆုံးသွားကြပါ၏။ ၂၀ ရာစုကာလအတွင်း စာဖတ်ပရိသတ်အား၊ ရေးအားအကောင်းဆုံးလုံးချင်း ဝတ္ထုရှည်ကြီးများ၊ ဝတ္ထုတိုများ၊ အောင်မြင်ကြီးပွားရေးကျမ်းဘာသာပြန်နှင့် မှီငြမ်းသာမက ကာလဒေသနှင့်ဆီလျော်သော နည်းပေးလမ်းပြ စာကောင်းပေကောင်းများ ရေးသားခဲ့ကြသည့် ပီမိုးနင်း၊ ရွှေဥဒေါင်း၊ ပညာဝန်ဦးဖိုးကျား၊ ဂျာနယ်ကျော်ဦးချစ်မောင် စသည့်စာရေးဆရာ၊ သတင်းစာဆရာကြီးများသည် မချမ်းသာခဲ့ကြပါ။ စာရေးဆရာ ဇန်းမော်တင်အောင်၊ သခင်မြသန်း၊ နတ်နွယ်၊ ဓူဝံ၊ ရန်ကုန်ဘဆွေ၊ မြသန်းတင့်၊ တက္ကသိုလ်ဘုန်းနိုင်၊ ဂျာနယ်ကျော်မမလေး၊ ခင်နှင်းယု၊ ခင်ဆွေဦး စသော နိုင်ငံကျော်စာရေးဆရာ၊ စာရေးဆရာမများလည်း မကြွယ်ဝကြ၊ မချမ်းသာကြ။ လူနေမှုအဆင့်တွင် အားကျလောက်စရာ မကြီးပွားဟု ဆိုရပါမည်။

မည်သို့ပင်ဖြစ်စေ၊ မိမိကတော့ စာဖတ်ရသည်ကို ကျေနပ်ကြည်နူးသည်။ စာရေးရသည်ကို ပျော်ပိုက်နှစ်သက်သည်။ အသိပညာရှာဖွေဆည်းပူးနေရသည်ကို သဘောကျသည်။ မိမိသိရ မြင်ရ နားလည်လာသမျှ စာဖတ်သူတို့အား ခံစားသိမြင်ခံယူနိုင်အောင် မျှဝေခွင့်ရသည်ဆိုလျှင်ပင် လုံလောက်ပြီထင်သည်။ ခက်ခဲခြင်း၊ ဆင်းရဲခြင်းတို့ကို ရင်ဆိုင်ဖြတ်သန်းရမည်ကို မမှုပါ။

လုပ်ငန်းခွင်မှာ ရာထူးရာခံနှင့် အရာရှိကြီးပင် ဖြစ်နေသော်လည်း အချို့လူသည် အပြင်စာမဖတ်လျှင် ဗဟုသုတမရှိရှာပေ။ အကြောင်းတိုက်ဆိုင်သဖြင့် စီးပွားဥစ္စာချမ်းသာကြွယ်ဝပြီး ငွေကြေးပြည့်စုံနေသော်ငြား ဘာစာမှမဖတ်ဖူးဘူးဆိုသောလူချမ်းသာတို့သည် Home Affairs Ministry ဆိုတာ ဘာလဲဟု အခြားတစ်ယောက်ကိုမေးသည်။ အခြားသူဌေးကဖြေ၏။ "ဆောက်လုပ်ရေးဝန်ကြီးဌာန ဖြစ်မှာပေါ့"တဲ့။

Home ဆိုတာ နေအိမ်ဟုတော့ သူသိပုံရပေ၏။ သူ့စိတ်ထဲတွင် အဆောက်အအုံနှင့်ဆိုင်သည်ဟု ထင်နေပုံရလေသည်။ ပြည်ထဲရေးဝန်ကြီးဌာနဟု မသိရှာပေ။ နေ့စဉ်သတင်းစာဖြစ်စေ၊ စာနယ်ဇင်းနှင့် စာလေးပေလေးဖတ်ရှုနေသူဖြစ်ပါက ဤမျှဗဟုသုတ မနည်းနိုင်ပေ။ ပစ္စည်းဥစ္စာဆင်းရဲခြင်းလည်း မကောင်းပါ။ အသိဉာဏ်ဗဟုသုတဆင်းရဲခြင်းက ပိုဆိုးပါ၏။ စာအုပ်စာပေကို မြို့နယ်တိုင်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးစာကြည့်တိုက်တွေမှာ အခမဲ့ ကြိုက်ရာစာအုပ်များ ဖတ်နိုင်ကြလေသည်။ ဘာသာမရွေး၊ လူမျိုးမခွဲ၊ အသက်အရွယ်မကန့်သတ်ဘဲ လက်ကမ်းကြိုဆိုနေသော စာကြည့်တိုက်မှူးကို တွေ့ရပါလိမ့်မည်။ ရုံးဖွင့်ချိန်မှ ရုံးဆင်းချိန်အတွင်း ရုံးဖွင့်သောနေ့တိုင်းစာသွားဖတ်လျှင် ဘဝတစ်ခုကို ကြီးမားစွာပြောင်းလဲပေးနိုင်သော နိုင်ငံကျော်၊ ကမ္ဘာကျော် စာအုပ်ကောင်းပေါင်းများစွာနှင့် ရင်းနှီးစွာ မိတ်ဆွေဖြစ်နိုင်ပေပြီ။

စာကောင်းပေကောင်း မိတ်ဆွေစာအုပ်ကောင်းတွေလို့ ပြောနိုင်အောင် ထိုစာအုပ်များထဲတွင် ဘာတွေပါလို့လဲ။ မေးစရာပေပဲ။

**(၁) အနှစ်သာရ Theme**

**(၂) ရေးဟန် Style**

ဤနှစ်ချက် အဓိကပါဝင်ကြလေသည်။ စိတ်ကူးယဉ်ရသ အနုစာပေဖြစ်စေ၊ စိတ်ကူးယဉ်မဟုတ်သော (သုတ၊ သမိုင်း၊ သိပ္ပံ၊ ပထဝီဝင်၊ အတ္ထုပ္ပတ္တိ စသည့်) စာပေမျိုးဖြစ်စေ၊ အထက်ပါနှစ်ရပ်ကတော့ စိတ်ဝင်စားစရာ ဆွဲဆောင်နေကြပေသည်။

စာဖတ်ခြင်းမှရရှိနိုင်သည့် ကောင်းကျိုးကျေးဇူးတရားများကို တိကျပြည့်စုံစွာမှတ်တမ်းတင်ထားဖူးသော စာရင်းအရ အရေအတွက် ၄၃ ချက် တွေ့ဖူးပါ၏။ ၁၉၆၀ နောက်ပိုင်းပြုလုပ်သော ဓမ္မဓိဋ္ဌာန်ကျသော သုတေသနလေ့လာတွေ့ရှိချက်များအရ အနှစ်ချုပ်မှာ အောက်ပါအချက်များဖြစ်သည်ဟု ဆိုပါ၏။ ဖတ်သူတိုင်းကို စွမ်းရည်တိုးတက်မြင့်မားစေ၏။

**၁။ ဖြစ်ရပ်မှန်တို့ကို ကဗျာဆန်ဆန် အာရုံသိတတ်မှု**

**၂။ ပျမ်းမျှအထက် ဉာဏ်ရည်ရှိမှု**

**၃။ ရှုမှတ်မှုစွမ်းရည်မြင့်မားမှု**

**၄။ စိတ်ကူးယဉ်စွာ စဉ်းစားတွေးတောတတ်မှု**

**၅။ စိတ်လှုပ်ရှား နိုးကြားမှု(Emotionality)**

**၆။ ဝေါဟာရကြွယ်ဝမှု (Verbal Fluency)**

**၇။ ဖြာထွက်စဉ်းစားမှု (Divergent Thinking)**

**(ဒေါက်တာကျော်စိန်၏ စိတ်ပညာအနုစာပေနှင့် ရသပညာစာအုပ် ၂၀၁၆ ဖေဖော်ဝါရီမှ)**

အခြားသောသုတေသနရလဒ်အရ တွေ့ရှိရသော အချက်တစ်ချက်မှာ စာမျိုးစုံများများဖတ်ခဲ့သူတို့သည် ပတ်ဝန်းကျင်နှင့်အဆင်ပြေအောင် ညှိယူမှုပြုရာတွင် ပိုမိုအောင်မြင်စွာ အံဝင်ခွင်ကျကြသည်ဆို၏။

စာဖတ်ခြင်း၏အရသာနှင့်ပတ်သက်၍ စာဖတ်သူသိပြီးသားလည်း ဖြစ်ကောင်းဖြစ်မည်။ ယခုဖတ်လိုက်ရမှ သဲသဲကွဲကွဲ ထင်ထင်ရှားရှား သိမြင်ရခြင်းလည်း ဖြစ်ချင်ဖြစ်မည်။ အကယ်၍သာ သင်သည် စာကောင်းပေကောင်းတို့၏အရသာကိုကောင်းစွာခံစားသိရှိထားပြီဆိုပါက အချိန်ကာလအပိုင်းအခြားကို ဖြတ်သန်းလွန်မြောက်နိုင်သော **"နတ်မျက်စိ"** ကို ရခဲ့ပေသည်။ နေရာဒေသ ပိုင်းခြားကွာဝေးခြင်းသဘောကို အနီးကပ်ဆွဲယူ ကြည့်မြင်သိရှိနိုင်စွမ်းသော ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ **"ထူးခြားဆန်းကြယ်သော အကြားအမြင်"**ကို ရလိုက်လေသည်။ အကျယ်ရှင်းပြနေစရာမလိုဟု ထင်ပါ၏။

စာအုပ်စာပေထဲမှာ အတိတ်ဖြစ်ရပ်များ၊ အနာဂတ်ဖြစ်ရပ်များ၊ ဖြစ်စဉ်များ၊ အကြောင်းအကျိုးကွင်းဆက်များကို သိမြင်နားလည်ပြီး စာမဖတ်သူများထက် သဘောထားအမြင် အဆင့်မြင့်နေကြောင်း ကိုယ်တိုင်တွေ့ရပါလိမ့်မည်။ အံ့သြဖွယ်သောစွမ်းရည် တန်ခိုးပမာ မြင်ရပါမည်။

စာရေးဆရာဖြစ်ချင်သူမှ စာများများဖတ်ရမည် မဟုတ်ပါ။ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လူမှုရေး ခေါင်းဆောင်ဖြစ်လာသူများသည် စာအလွန်ဖတ်ကြသူများဖြစ်ကြပြီး ကမ္ဘာကျော်သန်းကြွယ်သူဌေးလုပ်ငန်းရှင်ကြီးများသည်လည်း စာကြမ်းပိုး၊ စာအိုးကြီးများဖြစ်ခဲ့ကြောင်း တွေ့ရပါသည်။ စာဖတ်သူတိုင်း ခေါင်းဆောင်မဖြစ်ပါသော်လည်း နယ်ပယ်စုံရှိ ခေါင်းဆောင်ကောင်းများအားလုံးက စာဖတ်များခဲ့ကြသူတွေ ဖြစ်ပေသည်။

စာပေက ပင်မရေစီးကြောင်းဖြစ်သဖြင့် အခြားအနုပညာနယ်ပယ်ကိုလည်း ဖြန့်ခွဲဖြာထွက်ကျယ်ဝန်းစွာ အကျိုးပြုကြောင်း တွေ့နိုင်ကြပါသည်။ သာဓကပြစရာ နမူနာတစ်ခုမှာ ဆရာဇော်ဂျီ၏ စတင်ဖန်တီးမှု ကဗျာတစ်ပုဒ်**"ပန်းပန်လျက်ပဲ"**ကဗျာသည် ဆရာမခင်နှင်းယုက အနုပညာဝတ်မှုန်ကူးကာ **"ပန်းပန်လျက်ပါ"** ဝတ္ထုရှည်တစ်ပုဒ်အသစ် စိတ်ကူးပြလိုက်ပါ၏။ ထိုဝတ္ထုစာအုပ်ကို ရုပ်ရှင်ဒါရိုက်တာဦးချစ်ခင်က **"ပန်းပန်လျက်ပါ"**ရုပ်ရှင်ဇာတ်ကားအဖြစ် ပြောင်းလဲထုတ်လုပ်ရိုက်ကူးခဲ့ပြန်ပါ၏။ ကောလိပ်ဂျင်နေဝင်း၊ မြတ်လေး၊ ကြည်ကြည်ဌေး၊ ဘောဘီနွဲ့တို့ ပါဝင်ခဲ့ကြ၏။

ဂီတစာဆိုစန္ဒရားချစ်ဆွေက ဇာတ်ဝင်သီချင်း (Title Song) **"ပန်းပန်လျက်ပါ"**ကို မာမာအေးအတွက်တစ်ပုဒ်၊ ဇာတ်ဝင်သီချင်း(အငြိမ့်တီးကွက် ဇော်ဂျီ၏ မူရင်းကဗျာ၊ **"ဗေဒါလမ်း"**နှင့် ခင်နှင်းယုဝတ္ထုထဲမှ ဇာတ်ဝင်အချက်အလက် အခြေပြုလျက် ရေဒီယိုအသံလွှင့်သီချင်း **"ချစ်၍ရွာသောမိုး"**တို့ကို တေးသွားသံစဉ်ဖန်တီးပြခဲ့ခြင်းသည် အနုပညာလက်ရာအချင်းချင်း လှပစွာ ကူးစက်ယှက်နွယ်နေကြပုံကို သိမြင်တွေ့ရှိနိုင်ကြပါလေသည်။ စာဖတ်သူက ပိုခံစားတတ်သည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## သာပေါင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး




**ပုသိမ် မတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါး ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီက မိုးစပါးလျာထား ၆၈၂၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယခုအခါ ဧကအားလုံး ပြန်လည်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၉၈ ဒသမ ၉၅ တင်းထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

" မိုးသီးနှံ စိုက်ပျိုးရာသီမှာ မိုးစပါးလျာထားဧက ၆၈၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိမှာ ဧကအားလုံးရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ဒေသရာသီဥတုနဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့ စပါးအမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးခဲ့ပါတယ်။ ရွှေခရုကြောင့် ပျက်စီးဆုံးရှုံးတာမရှိစေဖို့ ရွှေခရုကာကွယ်နှိမ်နင်းရေး အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပြီး စိုက်ပျိုးခဲ့ပါတယ်။ အခုနှစ် မိုးစပါးတွေ အရည်အသွေးကော၊ အထွက်နှုန်းပါ ကောင်းမွန်နေပါတယ်။ မိုးစပါးတွေလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ စနစ်တကျပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်''ဟု ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူကပြောပြသည်။

သာပေါင်းမြို့နယ်တွင် မိုးစပါးများကို အထွက်နှုန်းတိုးတက်စေရေး၊ အရည်အသွေးကောင်း စပါးများကို စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းတို့ကို ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူ အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးသီးနှံများကို အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ် တင်ပို့နိုင်မည်ဖြစ်ရာ စပါးများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## မိုးကောင်းမြို့နယ် တောင်နီကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိုးကောင်း မတ် ၁၆**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ် အထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့် တောင်နီကျေးရွာအုပ်စု တောင်နီကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၁၅ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ မိုးကောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက တာဝန်ခံအင်ဂျင်နီယာတို့နှင့်အတူ တောင်နီကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီတာဝန်ခံ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ တောင်နီကျေးရွာ၌ ပြည်နယ် အထွေထွေပိုလျှံရန်ပုံငွေ(GRF)ကျပ် ၁၃၀ ဒသမ ၉ သန်းဖြင့် အရှည် ၁ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ သဲကျောက်ခင်း ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် Box Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို မြန်မာကေရာဇ်မင်း ကုမ္ပဏီက ၂၀၂၄ ခုနှစ် နိုဝင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ချစ်ဦးကို**

## စိတ်ထားလှပါ

\- စိတ်လှကို မွေးမြူကြ
ဖေးကူမ ဆောင်ရွက်ပါ၊
မေတ္တာကို နေ့စဉ်ပွား
ရိုးသားကြင်နာ၊
အမုန်းစိတ် ဖယ်ကြဉ်ခွာ
လောကမှာ နေထိုင်ပြု၊
နှလုံးအိမ် အပူကင်းအောင်
သန့်ရှင်းတွေးရှု။

\- ရုပ်သွင်ကို ပြင်ဆင်နွဲ့
စိတ်ကောင်းမြဲ ပြုပြင်စေ၊
လူ့စိတ်သာ အလှစစ်
ထုဆစ်မိတ်ဆွေ၊
ကိုယ်ကျင့်တရား အလှတွေ
မွန်မြတ်ပေ သတင်းမွှေး၊
လူ့ဂုဏ်ရည် ခြယ်သမှုန်းလို့
ပြုံးပန်းဆောင်ပေး။

\- အဖိုးတန် လူ့လောက
မနောလှ မွေးကြမယ်၊
သန့်စင်ကြယ် ကျင့်ဝတ်ထား
ကြိုးစားလှမ်းရှယ်၊
သက်ဆုံးထိ ထားရှိဖွယ်
အကျင့်ရယ် လှစေသား၊
အမှားတွေ အစဉ်ဝေး
အေးချမ်းလှုပ်ရှား။ ။

**ဖြိုးထက်(ရေစကြို)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## နိုင်ငံတကာ သတင်းများ

## ဘာရုပ်ဆဲလ်ဆွေးနွေးပွဲတက်ရောက်ရေး ဥရောပသမဂ္ဂ၏ ဖိတ်ကြားချက် သမ္မတရှီကျင့်ဖျင် ငြင်းပယ်

**ဘာရုပ်ဆဲလ် မတ် ၁၆**

ဥရောပသမဂ္ဂ-တရုတ်သံတမန်ဆက်ဆံရေး နှစ် ၅၀ ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပမည့် ထိပ်သီးဆွေးနွေးပွဲအတွက် ဘယ်လ်ဂျီယံနိုင်ငံ ဘာရုပ်ဆဲလ်မြို့သို့ လာရောက်ရေး ဖိတ်ကြားချက်ကို တရုတ်သမ္မတရှီကျင့်ဖျင်က ငြင်းပယ်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဥရောပသမဂ္ဂ-တရုတ်သံတမန်ဆက်ဆံရေးစတင်မှု နှစ် ၅၀ ပြည့် အထိမ်းအမှတ် ထိပ်သီးဆွေးနွေးပွဲသို့ တရုတ်သမ္မတ ရှီကျင့်ဖျင်တက်ရောက်မည်မဟုတ်ဘဲ ဝန်ကြီးချုပ်လီချန်းသာ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ဘာရုပ်ဆဲလ်မြို့၌ ကျင်းပလေ့ရှိသော ဥရောပသမဂ္ဂ - တရုတ်ထိပ်သီးညီလာခံများသို့ ပုံမှန်အားဖြင့် တရုတ်နိုင်ငံဝန်ကြီးချုပ်များ တက်ရောက်လေ့ရှိပြီး ၎င်းညီလာခံများကို ပေကျင်းမြို့၌ကျင်းပချိန်တွင် တရုတ်နိုင်ငံ သမ္မတများကိုယ်တိုင် လက်ခံကျင်းပလေ့ရှိသည်။

သို့ရာတွင် ဥရောပသမဂ္ဂနှင့်တရုတ် သံတမန်ဆက်ဆံရေးစတင်မှု နှစ် ၅၀ ပြည့် အထိမ်းအမှတ်အဖြစ် ဘာရုပ်ဆဲလ်၌ကျင်းပမည့် ထိပ်သီးဆွေးနွေးပွဲတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်ကိုယ်တိုင်ပါဝင်ရန် ဥရောပသမဂ္ဂက ဆန္ဒရှိနေကြောင်း သိရသည်။

တရုတ်အစိုးရနှင့်ဥရောပသမဂ္ဂ သတင်းအရင်းအမြစ်များ၏ အဆိုအရ အဆိုပါညီလာခံသို့ ကိုယ်တိုင်တက်ရောက်ရေး ဥရောပသမဂ္ဂ၏ ဖိတ်ကြားချက်ကို သမ္မတရှီကျင့်ဖျင်က ငြင်းပယ်ထားကြောင်း သိရသည်။

ယူကရိန်းစစ်ပွဲကိုအကြောင်းပြု၍ ပြီးခဲ့သည့်နှစ်များအတွင်း ဥရောပသမဂ္ဂနှင့် တရုတ်နိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာခဲ့ရကြောင်း သိရသည်။ Ref : RT

Trs : KKO

## ပစိဖိတ်သမုဒ္ဒရာ၌ ၉၅ ရက်ကြာမျောပါခဲ့သူ ပီရူးရေလုပ်သား အသက်ဘေးမှ လွတ်မြောက်




**လီမာ မတ် ၁၆**

ပစိဖိတ်သမုဒ္ဒရာရေပြင်အတွင်း ၉၅ ရက်ကြာ မျောပါနေခဲ့သောပီရူးရေလုပ်သားတစ်ဦးသည် အသက်ဘေးမှ လွတ်မြောက်ခဲ့ပြီးနောက် အီကွေဒေါနိုင်ငံမှ ပီရူးနိုင်ငံသို့ပြန်လည်ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

မာဆီပိုနာပါအမည်ရှိ အဆိုပါပီရူးရေလုပ်သားကို အီကွေဒေါကင်းလှည့်သင်္ဘောတစ်စီးက အီကွေဒေါကမ်းရိုးတန်းနှင့် ရေမိုင် ၆၈၀ အကွာတွင် မတ် ၁၂ ရက်က တွေ့ရှိ၍ ကယ်တင်ခဲ့ခြင်းဖြစ်သည်။

မာဆီပိုနာပါသည် ပီရူးနိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသရှိ မာကိုနာမြို့၌ နေထိုင်သူဖြစ်ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ရက်သတ္တနှစ်ပတ်ကြာ ငါးဖမ်းခရီးစဉ်စတင်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ၁၀ ရက်အကြာ၌ မုန်တိုင်းနှင့်ရင်ဆိုင်ခဲ့ပြီးနောက် လမ်းပျောက်၍ ပစိဖိတ်သမုဒ္ဒရာအတွင်း မျောပါခဲ့ခြင်းဖြစ်သည်။

သမုဒ္ဒရာရေပြင်အတွင်း ၉၅ ရက်ကြာ မျောပါနေစဉ် ငါးများ၊ ပင်လယ်လိပ်များနှင့် ငှက်များကို ဖမ်းဆီး၍ အသက်ဆက်ခဲ့ရကြောင်း မာဆီပိုနာပါက ပြောကြားသည်။

မာဆီပိုနာပါသည် ရေဓာတ်ခမ်းခြောက်မှုပြဿနာကို စိုးရိမ်ရဖွယ်ခံစားခဲ့ရသော်လည်း ကျန်းမာရေးပြန်လည် ကောင်းမွန်လာမှုကြောင့် မတ် ၁၅ ရက်တွင် ပီရူးနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း အီကွေဒေါတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ယီမင်ဟူသီသူပုန်ပစ်မှတ်များကို အမေရိကန်စစ်ဘက်က လေကြောင်းတိုက်ခိုက်မှုပြုလုပ်



**ဝါရှင်တန် မတ် ၁၆**

ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စုကို အမေရိကန်စစ်ဘက်က မတ် ၁၅ ရက်တွင် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ အနည်းဆုံး လူ ၃၁ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ညွှန်ကြားချက်ဖြင့် ပင်လယ်နီရေပြင်အတွင်းရှိနေသော ယူအက်စ်အက်စ် ဟယ်ရီထရူးမင်းလေယာဉ်တင်သင်္ဘောပေါ်မှ တိုက်လေယာဉ်များက ဟူသီသူပုန်ပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အမေရိကန်စစ်ဘက်အနေဖြင့် ဟူသီသူပုန်ပစ်မှတ်များကို ရက်အတန်ကြာ ဆက်လက်တိုက်ခိုက်နိုင်ဖွယ်ရှိကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

အမေရိကန်စစ်ဘက်၏ လေကြောင်းတိုက်ခိုက်မှုများကို အီရန်ကျောထောက်နောက်ခံ ဟူသီသူပုန်အုပ်စုကအတည်ပြုထားပြီး သေဆုံးသူ ၃၁ ဦးနှင့် ဒဏ်ရာရရှိသူ ၁၀၁ ဦး ရှိကြောင်း ကြေညာထားသည်။

ပင်လယ်နီရေပြင်အတွင်းသွားလာနေသည့် သင်္ဘောများအား တိုက်ခိုက်နေမှုကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်စစ်ဘက်က ဟူသီသူပုန်အုပ်စု ပစ်မှတ်များကို လေကြောင်းမှ တိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ ဟူသီသူပုန်အုပ်စုသည် ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစ၍ ပင်လယ်နီရေပြင်အတွင်း၌ အမေရိကန်စစ်သင်္ဘောများကို ၁၇၄ ကြိမ်တိုက်ခိုက်ခဲ့ပြီး နိုင်ငံတကာ ကုန်တင်သင်္ဘောများကို ၁၄၅ ကြိမ် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ Ref : RT

Trs : KKO

## မြောက်မက်ဆီဒိုးနီးယားနိုက်ကလပ်အဆောက်အအုံ မီးလောင်မှုကြောင့် လူ ၅၁ ဦး သေဆုံး၊ ဦးရေ ၁၀၀ ကျော် ဒဏ်ရာရရှိ

**စကော့ပ်ဂျီ မတ် ၁၆**

မြောက်မက်ဆီဒိုးနီးယားနိုင်ငံ နိုက်ကလပ်တစ်ခု၌ မတ် ၁၅ ရက်ညပိုင်းက မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၅၁ ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါနိုက်ကလပ်၌ ဂီတဖျော်ဖြေပွဲတစ်ခုအတွက် ပရိသတ်ဦးရေ ၁၀၀၀ ကျော် စုဝေးနေချိန်၌ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း မြောက်မက်ဆီဒိုးနီးယား တာဝန်ရှိသူများက ပြောကြားထားသည်။

မီးလောင်မှု ဖြစ်ပွားခဲ့သည့်နိုက်ကလပ်သည် ကိုကာနီအမည်ရှိမြို့၌ တည်ရှိကြောင်း မြောက်မက်ဆီဒိုးနီးယား တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

ကိုကာနီမြို့ နိုက်ကလပ်အဆောက်အအုံမီးလောင်မှုကြောင့် လူ ၅၁ ဦးသေဆုံးခဲ့ရပြီး ဦးရေ ၁၀၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း မြောက်မက်ဆီဒိုးနီးယား ပြည်ထဲရေးဝန်ကြီး တိုစကော့စကီးက ပြောကြားထားသည်။

နိုက်ကလပ် မီးလောင်မှုတွင် ဒဏ်ရာရရှိခဲ့သူများကို ကိုကာနီမြို့ဆေးရုံနှင့် အနီးရှိ မြို့တစ်မြို့မှ ဆေးရုံများသို့ ခွဲဝေပို့ဆောင်ထားကြောင်း သိရသည်။

အဆိုပါမီးလောင်မှုသည် ဂီတဖျော်ဖြေပွဲ၌ အသုံးပြုသည့် မီးရှူးမီးပန်းများကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်နိုင်ကြောင်း မီဒီယာများက သုံးသပ်ထားကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

## ရာဇဝတ်ဂိုဏ်းဝင်များကို လက်ခံထိန်းသိမ်းပေးမည့် အယ်လ်ဆာဗေးဒိုးနိုင်ငံကို အမေရိကန်အစိုးရက တစ်နှစ်လျှင် ဒေါ်လာခြောက်သန်း ပေးအပ်မည်



**နယူးယောက် မတ် ၁၆**

ဗင်နီဇွဲလားအခြေစိုက် ထရန်ဒီအာရာဂွါ ဒုစရိုက်ဂိုဏ်းမှ ဂိုဏ်းဝင် ဦးရေ ၃၀၀ တို့ကို လက်ခံထိန်းသိမ်းပေးမည့် အယ်လ်ဆာဗေးဒိုးနိုင်ငံကို အမေရိကန်အစိုးရက တစ်နှစ်လျှင် အမေရိကန်ဒေါ်လာခြောက်သန်း ပေးအပ်မည်ဖြစ်ကြောင်း မတ် ၁၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံသည် ၎င်း၏ အကျဉ်းထောင်များအတွင်း ဖမ်းဆီးထားသည့် ထရန်ဒီအာရာဂွါ ဒုစရိုက်ဂိုဏ်းဝင် ဦးရေ ၃၀၀ တို့ကို အယ်လ်ဆာဗေးဒိုးနိုင်ငံသို့နှင်ထုတ်ရန် အမေရိကန်အစိုးရက စီစဉ်ထားသည်။

အလားတူ အမေရိကန်နိုင်ငံက နှင်ထုတ်မည့် ထရန်ဒီအာရာဂွါ ဂိုဏ်းဝင်များကို အယ်လ်ဆာဗေးဒိုး အကျဉ်းထောင်များ၌ လက်ခံထိန်းသိမ်းပေးရန် အယ်လ်ဆာဗေးဒိုးအစိုးရကလည်း လက်ခံထားကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားထားသည်။

အမေရိကန်မီဒီယာများ၏ အဆိုအရ ထရန်ဒီအာရာဂွါ ဂိုဏ်းဝင်ဦးရေ ၃၀၀ ကို လက်ခံထိန်းသိမ်းပေးထားသည့်အတွက် အယ်လ်ဆာဗေးဒိုးအစိုးရကို အမေရိကန်အစိုးရက နှစ်စဉ် ဒေါ်လာခြောက်သန်းထိ ပေးမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ပြီးခဲ့သည့်လက ထရန်အာရာဂွါ ရာဇဝတ်ဂိုဏ်းကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ကြေညာထားသည်။

ထို့ပြင် အဆိုပါဂိုဏ်းကို အမေရိကန်နိုင်ငံအတွင်း ဝင်ရောက်လာသော ပြည်ပရန်သူအဖြစ်သတ်မှတ်ရေးအတွက် အမေရိကန်အစိုးရက ၁၈ ရာစုခေတ် စစ်ကာလဥပဒေတစ်ခုကိုလည်း ကျင့်သုံးထားကြောင်း သိရသည်။ Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## အာကာသယာဉ်မှူးလေးဦး လိုက်ပါသွားသည့် Crew Dragon အာကာသလူသယ်ယာဉ်ကို Space-X ကုမ္ပဏီက ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်



**ဝါရှင်တန် မတ် ၁၆**

အာကာသယာဉ်မှူး လေးဦး လိုက်ပါသွားသည့် Crew Dragon အာကာသလူသယ်ယာဉ်ကို မတ် ၁၅ ရက်တွင် Space-X ကုမ္ပဏီက ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Crew Dragon အာကာသလူသယ်ယာဉ် သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ Crew Dragon အာကာသ လူသယ်ယာဉ်နှင့်အတူ အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) အာကာသယာဉ်မှူးနှစ်ဦး၊ ရုရှားအာကာသယာဉ်မှူးတစ်ဦးနှင့် ဂျပန်အာကာသယာဉ်မှူးတစ်ဦးတို့ လိုက်ပါသွားကြောင်း သိရသည်။

Crew Dragon အာကာသလူသယ်ယာဉ်သည် ယနေ့တွင် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

အဆိုပါ အာကာသလူသယ်ယာဉ်နှင့် လိုက်ပါသွားသည့် အာကာသယာဉ်မှူး လေးဦးသည် နိုင်ငံတကာ အာကာသစခန်း၌ ခြောက်လကြာ တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

အဆိုပါ အာကာသယာဉ်မှူး လေးဦး နိုင်ငံတကာ အာကာသစခန်းသို့ရောက်ရှိခဲ့ပါက အာကာသစခန်း၌ ကိုးလကြာသောင်တင်နေသော ဘိုးရင်းစတားလိုင်နာ အာကာသယာဉ်မှူးနှစ်ဦး ကမ္ဘာမြေသို့ပြန်လည်ဆင်းသက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ရှန်ကျိုး-၂၀ နှင့် ရှန်ကျိုး-၂၁ အာကာသလူသယ်ယာဉ်ကို ယခုနှစ်အတွင်း လွှတ်တင်ရန်စီစဉ်ထား

**ပေကျင်း မတ် ၁၆**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ရှန်ကျိုး-၂၀ နှင့် ရှန်ကျိုး-၂၁ အာကာသလူသယ်ယာဉ်ကို ယခုနှစ်အတွင်း လွှတ်တင်ရန် စီစဉ်ထားကြောင်း မတ် ၁၅ ရက် သတင်းများအရ သိရသည်။

ရှန်ကျိုး-၂၀ နှင့် ရှန်ကျိုး-၂၁ မစ်ရှင်များသည် တီယန်ကောင်း အာကာသစခန်းသို့ အာကာသယာဉ်မှူးများ ပို့ဆောင်ပေးမည့် မစ်ရှင်များဖြစ်ကြသည်။

ထို့ပြင် တရုတ်အမျိုးသား အာကာသအေဂျင်စီသည် တီယန်ကျိုး အာကာသကုန်တင်ယာဉ်တစ်စင်းကိုလည်း တီယန်ကောင်း အာကာသစခန်းသို့ ယခုနှစ်အတွင်း မှာပင် လွှတ်တင်မည်ဖြစ်သည်။



တရုတ်အမျိုးသား အာကာသအေဂျင်စီသည် တီယန်ကောင်း အာကာသစခန်းကို ၂၀၂၂ ခုနှစ်ကုန်ပိုင်းတွင် အပြီးသတ်တည်ဆောက်နိုင်ခဲ့သည်။

အာကာသစခန်း တည်ဆောက်မှု ပြီးဆုံးခဲ့ပြီးနောက် တရုတ်နိုင်ငံသည် အာကာသယာဉ်မှူး သုံးဦးစီကို ခြောက်လလျှင် တစ်ကြိမ် တီယန်ကောင်း အာကာသစခန်းသို့ အလှည့်ကျပို့ဆောင် တာဝန်ချထားခဲ့သည်။

လက်ရှိအချိန်တွင် တီယန်ကောင်း အာကာသစခန်းယာဉ်ပေါ်၌ ရှန်ကျိုး-၁၉ အာကာသယာဉ်မှူး သုံးဦး တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## Space-X ကုမ္ပဏီက Transporter-13 မစ်ရှင်ဖြင့် ဂြိုဟ်တု ၇၄ စင်းကို လွှတ်တင်ခဲ့

**ဝါရှင်တန် မတ် ၁၆**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာ ကုမ္ပဏီသည် ယနေ့နံနက်ပိုင်းတွင် Transporter-13 အမည်ရှိ မစ်ရှင်ဖြင့် ဂြိုဟ်တု ၇၄ စင်းကို လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တု ၇၄ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှ လွှတ်တင်ခဲ့သည်။

လွှတ်တင်ပြီး ၇ ဒသမ ၅ မိနစ် အကြာတွင် စီစဉ်ထားသည့်အတိုင်း ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမ အဆင့် ပင်မဒုံးယာဉ်သည် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းနယ်မြေသို့ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

အဆိုပါ ဆင်းသက်မှုသည် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမ အဆင့် ပင်မဒုံးယာဉ်များ၏အကြိမ် ၄၀၀ မြောက် ပြန်လည်ဆင်းသက်နိုင်မှုဖြစ်သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၅၄ မိနစ်အကြာတွင် သယ်ဆောင်ထားသည့် ဂြိုဟ်တုများကို သက်ဆိုင်ရာပတ်လမ်းများပေါ်သို့ စတင်ပို့ဆောင်ခဲ့ရာ မိနစ် ၉၀ ခန့် အကြာတွင် လုပ်ငန်းစဉ်အပြီးသတ်ခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် Transporter မစ်ရှင်၊ Bandwagon မစ်ရှင်များဖြင့် ဂြိုဟ်တုငယ်ပေါင်း ၁၂၀၀ ကျော်ကို ကမ္ဘာတစ်ဝန်းရှိ ဖောက်သည်လုပ်ငန်း ၁၃၀ တို့အတွက် စတင်လွှတ်တင်ပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## တန်ဇန်းနီးယားနိုင်ငံ၌ မားဘာ့ဂ်ဗိုင်းရပ်ကူးစက်ဖြစ်ပွားမှု အဆုံးသတ်ပြီဖြစ်

**ဂျီနီဗာ မတ် ၁၆**

တန်ဇန်းနီးယားနိုင်ငံ၌ မားဘာ့ဂ်ဗိုင်းရပ် (Marburg) ရောဂါ ကူးစက်ဖြစ်ပွားမှု အဆုံးသတ်ပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က မတ် ၁၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် ၄၂ ရက်တာကာလအတွင်း မားဘာ့ဂ်ဗိုင်းရပ်ရောဂါ ကူးစက်မှုဖြစ်စဉ်သစ် မရှိခဲ့ပြီးနောက် ၎င်းဗိုင်းရပ်ရောဂါကူးစက်မှု ပြီးဆုံးပြီဖြစ်ကြောင်း တန်ဇန်းနီးယား ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုကြေညာထားသည်။

တန်ဇန်းနီးယားနိုင်ငံ၏ မားဘာ့ဂ်ဗိုင်းရပ်ရောဂါ ကူးစက်မှုသည် နိုင်ငံအနောက်မြောက်ပိုင်း ကာဂျီရာခရိုင်၌ ယခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် စတင်ဖြစ်ပွားခဲ့သည်။

မားဘာ့ဂ်ဗိုင်းရပ်သည် အီဘိုလာဗိုင်းရပ်ကဲ့သို့ပင် ပြင်းထန်သော ကိုယ်တွင်းသွေးယို အဖျားရောဂါကို ဖြစ်ပွားစေတတ်သော ဗိုင်းရပ်ဖြစ်ကြောင်း သိရသည်။

မားဘာ့ဂ်ဗိုင်းရပ်သည် အသီးစား လင်းနို့များမှတစ်ဆင့် လူသားများထံ ကူးစက်နိုင်ပြီး ကိုယ်တွင်းအရည်များနှင့် ထိတွေ့ရာမှတစ်ဆင့်လည်း လူတစ်ဦးမှတစ်ဦးထံ ကူးစက်နိုင်သည်။

၂၀၂၃ ခုနှစ်ကလည်း ကာဂျီရာဒေသ၌ မားဘာ့ဂ်ဗိုင်းရပ်ရောဂါ ကူးစက်မှုများ ဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## နေမြင့်ချိန်ထိ အိပ်ရာမထမှုက အယ်ဇိုင်းမားရောဂါ၏ ရှေ့ပြေးလက္ခဏာဖြစ်နိုင်

**လန်ဒန် မတ် ၁၆**

နေမြင့်ချိန်ထိ အိပ်ရာမှမထမှုသည် အယ်ဇိုင်းမားရောဂါ၏ ရှေ့ပြေးလက္ခဏာ ဖြစ်နိုင်ကြောင်း သုတေသန ပညာရှင်များက မတ် ၁၅ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံ ဝါးဝစ်ခ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် လူပေါင်း ၅၀၀၀၀၀ ခန့်တို့၏ အိပ်စက်မှုပုံစံများကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ တစ်ည အိပ်စက်ချိန် ခုနစ်နာရီနှင့်အထက်ရှိသူများတွင် တွေးတောဆင်ခြင်နိုင်မှု စွမ်းရည် ကျဆင်းနိုင်ခြေ၊ နှလုံးရောဂါနှင့် ဆီးချိုရောဂါများဖြစ်နိုင်ခြေ မြင့်တက်လာနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အလားတူ တစ်ညအိပ်စက်ချိန် ခုနစ်နာရီနှင့်အောက် ရှိသူများတွင်မူ ကြွက်သားများအားနည်းခြင်း၊ စိတ်အားငယ်မှု၊ မောပန်းနွမ်းနယ်မှုနှင့် အရိုးကျန်းမာရေး ပြဿနာများ ပေါ်လာနိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် တစ်ညအိပ်စက်ချိန် အကြမ်းဖျင်း ခုနစ်နာရီထိရှိသူများတွင်မူ အထက်ပါကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေ နည်းပါးကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ အိပ်စက်ချိန် လွန်ကဲမှုသည် အယ်ဇိုင်းမားရောဂါ၏ နောက်ခံအကြောင်းတရားများ မဟုတ်ဘဲ ရှေ့ပြေးလက္ခဏာဖြစ်နိုင်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပွဲအနည်းဆုံးဖြင့် ဂိုးပါဝင်ပတ်သက်မှု ၁၀၀ ပြည့်မြောက်သည့် ကစားသမားအဖြစ် ဟာလန်းမှတ်တမ်းဝင်

**မန်ချက်စတာ မတ် ၁၆**

တိုက်စစ်မှူး ဟာလန်းသည် ဘရိုက်တန်အသင်းကို နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် ပင်နယ်တီသွင်းဂိုး တစ်ဂိုး ရယူပေးခဲ့ပြီးနောက် ပရီးမီးယားလိဂ်သမိုင်းတွင် ပွဲအနည်းဆုံးဖြင့် ဂိုးပါဝင်ပတ်သက်မှု ၁၀၀ ပြည့်မြောက်သည့် ပထမဆုံးကစားသမားအဖြစ်မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ဟာလန်းသည် ၂၀၂၂ ခုနှစ်က ဒေါ့မွန်အသင်းမှ မန်စီးတီးအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ဘောလုံးရာသီ သုံးရာသီအတွင်း ပရီးမီးယားလိဂ်ပွဲစဉ် ၉၄ ပွဲတွင် သွင်းဂိုး ၈၄ ဂိုးနှင့် ဖန်တီးမှု ၁၆ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် သမိုင်းတစ်လျှောက်တွင် ဂိုးပါဝင်ပတ်သက်မှု ၁၀၀ အမြန်ဆုံးရရှိသည့် ပထမဆုံးကစားသမားဖြစ်လာခဲ့သည်။

ယခင်က ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အလန်ရှီးယားက ပွဲ ၁၀၀ တွင် သွင်းဂိုး ၇၉ ဂိုးနှင့် ဂိုးဖန်တီးမှု ၂၁ ကြိမ်၊ ကန်တိုနာက ၁၁၆ ပွဲတွင် သွင်းဂိုး ၅၈ ဂိုးနှင့် ဂိုးဖန်တီးမှု ၄၂ ကြိမ်၊ တိုက်စစ်မှူး ဆာလာဟ်က ၁၁၆ ပွဲတွင် ၇၃ ဂိုးနှင့် ဂိုးဖန်တီးမှု ၂၇ ကြိမ်၊ တိုက်စစ်မှူး အဂူရိုက ၁၁၈ ပွဲတွင် သွင်းဂိုး ၇၇ ဂိုးနှင့် ဖန်တီးမှု ၂၃ ကြိမ်၊ တိုက်စစ်မှူး ဟင်နရီက ၁၂၁ ပွဲတွင် ၇၂ ဂိုးနှင့် ဖန်တီးမှု ၂၉ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဟာလန်းသည် မန်စီးတီးအသင်းနှင့် ၂၀၃၄ ခုနှစ်ထိ စာချုပ်သက်တမ်း ကျန်ရှိနေပြီး ပြိုင်ဘက်ကစားသမား ဆာလာဟ် အနေဖြင့် လီဗာပူးအသင်းနှင့် လာမည့်နွေရာသီတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် ဟာလန်းအနေဖြင့် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် စံချိန်သစ်များ ထပ်မံရရှိရန် သေချာလျက်ရှိပြီး လက်ရှိ ရွှေဖိနပ်ဆုအတွက်လည်း ဆာလာဟ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : Opta analyst

Trs : ML



## အားကစားသတင်းအတိုအထွာများ

- ရီးရဲလ်မက်ဒရစ်အသင်းက စိတ်ဝင်စားနေသည့် ကာလာဖီအိုရီကို အာဆင်နယ်အသင်းက ရောင်းချရန် ပြင်ဆင်နေပြီး ကစားသမားအတွက် စတာလင်ပေါင် သန်း ၈၀ တောင်းဆိုထားကြောင်း သိရသည်။
- လီဗာပူးအသင်းက နယူးကာဆယ်အသင်း တိုက်စစ်မှူး အစ်ဆက်ခ်ကို ခေါ်ယူနိုင်ခြင်းမရှိပါက အေတီကိုအသင်း တိုက်စစ်မှူး အယ်ဗာရက်ဇ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၁၀၀ ဖြင့်ခေါ်ယူရန် ကမ်းလှမ်းမည်ဖြစ်ကြောင်း သိရသည်။
- ပြိုင်ပွဲများနှင့် နှစ်နှစ်ကြာဝေးကွာနေသည့် ကွင်းလယ်ကစားသမား အလီသည် ကိုမိုအသင်းအတွက် ပထမဆုံးပါဝင်ကစားခဲ့သည့်ပွဲစဉ်တွင် လူစားဝင်ကစားသမားအဖြစ် ၁၀ မိနစ်ကြာ ကစားခဲ့ရပြီးနောက် အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရကြောင်း သိရသည်။

ML

# WBA ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲစဉ်တွင် နစ်ခ်ဘောက ဒိုဟီနီကို ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိ



**လန်ဒန် မတ် ၁၆**

WBA ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အင်္ဂလန်လက်ဝှေ့သမား နစ်ခ်ဘောနှင့် စိန်ခေါ်သူ အိုင်ယာလန်လက်ဝှေ့သမား ဒိုဟီနီတို့ မတ် ၁၅ ရက် အင်္ဂလန်နိုင်ငံ လီဗာပူးလ်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ နစ်ခ်ဘောက ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၈ နှစ်အရွယ် ရှိပြီဖြစ်သည့် ဒိုဟီနီသည် ဖယ်သာဝိတ်တန်းတွင် အသက်အကြီးဆုံး ကမ္ဘာ့ချန်ပီယံအဖြစ် မှတ်တမ်းဝင်နိုင်ရေးအတွက် လက်ရှိချန်ပီယံ အသက် ၂၈ နှစ်အရွယ် နစ်ခ်ဘောအား စိန်ခေါ်ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အကြား အသက်အရွယ်ကွာဟချက် ကြီးမားခဲ့သလို လှုပ်ရှားမှုအပိုင်းနှင့် ကြံ့ခိုင်မှုအပိုင်းလည်း သိသိသာသာကွာခြားခဲ့သည်။

ဒိုဟီနီအနေဖြင့် အစောပိုင်းအချီများ၌ အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့သော်လည်း ၁၀ ချီမြောက်တွင် နစ်ခ်ဘော၏ တစ်ဖက်သတ်ဖိအားပေးထိုးသတ်မှုကို ခံစစ်အသွင်ဖြင့်သာ တုံ့ပြန်နိုင်ခဲ့ပြီး နောက်ပိုင်းတွင် နစ်ခ်ဘော၏ ဖိအားပေးထိုးချက်များကို ကြံ့ကြံ့ခံနိုင်ခြင်းမရှိတော့သဖြင့် ဒိုင်ပွဲရပ်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

နစ်ခ်ဘောက "ဒိုဟီနီဟာ အတွေ့အကြုံရှိတဲ့ လက်ဝှေ့သမားတစ်ဦးဖြစ်သလို ကမ္ဘာ့ချန်ပီယံဟောင်း တစ်ဦးလည်းဖြစ်ပါတယ်။ အစောပိုင်းအချီတွေမှာ သူ့ရဲ့အတွေ့အကြုံတွေနဲ့ ကျွန်တော့်ကို ဖိအားပေးခဲ့တယ်။ ကျွန်တော့်ဘက်က ငယ်ရွယ်မှုနဲ့ လျင်မြန်မှုတွေကြောင့် အသာစီးရခဲ့တာပါ။ ဒိုဟီနီအနေနဲ့ ၁၀ ချီမြောက်အထိ အခုလို အကောင်းဆုံး တုံ့ပြန်သွားနိုင်တာ အံ့ဩစရာကောင်းပါတယ်။ ကျွန်တော့်အနေနဲ့ လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# Indian Wells တင်းနစ်ပြိုင်ပွဲ၌ ဒရပ်ပါက အယ်ကာရက်ဇ်ကိုအနိုင်ယူကာ ဗိုလ်လုပွဲတက်ရောက်

**အင်ဒီးယန်းဝဲလ်စ် မတ် ၁၆**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အင်ဒီးယန်းဝဲလ်စ်မြို့တွင် ကျင်းပနေသည့် Indian Wells တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တွင် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ဗြိတိန်တင်းနစ်ကစားသမား ဒရပ်ပါတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒရပ်ပါက (၆-၁၊ ၀-၆၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဗိုလ်စွဲရန် ရေပန်းစားနေသည့် အယ်ကာရက်ဇ်အတွက် စိတ်ပျက်ဖွယ်ရာရလဒ်ဖြစ်ခဲ့ပြီး ဒရပ်ပါအနေဖြင့် အဆုံးအဖြတ်ပွဲစဉ်တွင် အကောင်းဆုံးစွမ်းဆောင်ပြနိုင်ခဲ့သည့်အတွက် အယ်ကာရက်ဇ်ကို အနိုင်ရခဲ့ခြင်းဖြစ်သည်။



အယ်ကာရက်ဇ်က "ကျွန်တော့်အနေနဲ့ ပါဝင်ယှဉ်ပြိုင်တဲ့ ပြိုင်ပွဲတိုင်းမှာ အနိုင်ရချင်တယ်။ အထူးသဖြင့် ဒီပြိုင်ပွဲဟာ ကျွန်တော့်အတွက် အရမ်းအဓိပ္ပာယ်ရှိတယ်။ ရော်ဂျာ၊ ဂျိုကိုဗစ်တို့နဲ့အတူ မှတ်တမ်းကောင်းတစ်ရပ်ကို ရယူနိုင်မဲ့အခွင့်အရေးနဲ့ လွဲချော်ခဲ့ရတယ်။ အရှုံးရလဒ်အတွက် စိတ်မကောင်းဖြစ်မိပါတယ်။ အရမ်းနာကျင်ရပါတယ်။ ဒရပ်ပါအနေနဲ့ အကောင်းဆုံး ကစားသွားနိုင်ခဲ့တယ်။ ထိုက်ထိုက်တန်တန်နဲ့ ဗိုလ်လုပွဲအဆင့်ကို တက်ရောက်သွားခြင်းဖြစ်ပါတယ်။ ကျွန်တော့်ဘက်ကလည်း စိတ်လှုပ်ရှားတာတွေ ရှိခဲ့တဲ့အတွက် မမှားသင့်တဲ့အမှားတွေ ကျူးလွန်မိခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

ဒရပ်ပါသည် ဗိုလ်လုပွဲတွင် ရုရှားတင်းနစ် ကစားသမား မျက်ဒဗျက်ကို (၇-၅၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရခဲ့သည့် ဒိန်းမတ်တင်းနစ်ကစားသမား ဟိုလ်ဂါရှူနီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# လာမည့်ပွဲစဉ်ရေးဆွဲမှုတွင် အနားယူချိန် ၇၂ နာရီမရရှိပါက ပွဲကစားရန် ငြင်းဆန်မည်ဟု နည်းပြအန်ဆယ်လော့တီ ပြောကြား

**မက်ဒရစ် မတ် ၁၆**

ရီးရဲလ်မက်ဒရစ်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အေတီကိုအသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ယူခဲ့ပြီးနောက် ၇၂ နာရီမတိုင်မီ အမှတ်ပေးပွဲစဉ်အဖြစ် ဗီလာရီးရဲလ်အသင်းနှင့် ကစားခဲ့ရသောကြောင့် လာမည့်ပွဲစဉ်များတွင် ကစားသမားများအတွက် အနားယူချိန် အနည်းဆုံး ၇၂ နာရီ မရရှိပါက ပြိုင်ပွဲကိုယှဉ်ပြိုင်ရန် ငြင်းဆန်မည်ဖြစ်ကြောင်း နည်းပြအန်ဆယ်လော့တီက ပြောကြားခဲ့သည်။

၎င်းတို့အသင်း အနေဖြင့် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့ ဒေသစံတော်ချိန် ည ၉ နာရီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားခဲ့ရပြီးနောက် စနေနေ့ ည ၆ နာရီခွဲတွင် ဗီလာရီးရဲလ်အသင်းနှင့် အမှတ်ပေးပြိုင်ပွဲ ထပ်မံကစားခဲ့ရသဖြင့် ၇၂ နာရီမတိုင်မီ ပြိုင်ပွဲများ ဆက်တိုက်ကစားနေရသောကြောင့် ကစားသမားများ အနားယူချိန် လုံလောက်မှုမရှိသည့်အပြင် ဒဏ်ရာရရှိမည်ကို စိုးရိမ်ခဲ့ပြီး လာမည့်ပွဲစဉ်များတွင် ၇၂ နာရီမတိုင်မီ ကစားရပါက ငြင်းဆိုမည်ဖြစ်ကြောင်း အန်ဆယ်လော့တီက တရားဝင် ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

နည်းပြ အန်ဆယ်လော့တီက "ဒီနေ့ပွဲစဉ်ဟာ ၇၂ နာရီမတိုင်မီ ကစားရတဲ့ နောက်ဆုံးပွဲစဉ်ပဲဖြစ်မယ်လို့ ထင်ပါတယ်။ နောက်တစ်ကြိမ် ဒီလိုမျိုး ၇၂ နာရီမတိုင်မီ ကစားရတဲ့ပွဲစဉ်ကို လက်ခံမှာမဟုတ်ပါဘူး။ အသင်းအနေနဲ့ လာလီဂါအဖွဲ့ချုပ်ကို ပွဲချိန်ပြောင်းလဲဖို့ နှစ်ကြိမ်ထိ ပြောကြားခဲ့ပေမဲ့ ပြောင်းလဲပေးခြင်း မရှိခဲ့ပါဘူး။ ဒါကြောင့် ဒီတစ်ကြိမ်က နောက်ဆုံးဖြစ်မှာပါ"ဟု ပြောကြားခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ဗီလာရီးရဲလ်အသင်းကို အမ်ဘက်ပီ၏ သွင်းဂိုးနှစ်ဂိုးကြောင့် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် အမှတ်ပေးဇယားတွင် ဘာစီလိုနာအသင်းထက် နှစ်ပွဲပိုကစားထားသော်လည်း ရမှတ်သုံးမှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

## မြန်မာဖူဆယ်လိဂ် ချန်ပီယံဆုကို MIU FC အသင်း ရှုံးပွဲမရှိစံချိန်ဖြင့် ဆွတ်ခူး




**ရန်ကုန် မတ် ၁၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပခဲ့သည့် မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပခဲ့ရာ ချန်ပီယံဆုကို MIU FC အသင်းက ရှုံးပွဲမရှိစံချိန်ဖြင့် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာဖူဆယ်လိဂ် ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များတွင် Futsal Chit Thu အသင်းက M2K FC အသင်းကို လေးဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ YCDC Marga FC အသင်းက Winner Soccer FC အသင်းကို လေးဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ YRG FC အသင်းက Generations FC အသင်းကို ကိုးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ MH Dream Team အသင်းက VUC FC အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ MIU FC အသင်းက SGF FC အသင်းကိုလေးဂိုးတစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

မြန်မာဖူဆယ်လိဂ် ပြိုင်ပွဲ ပြီးဆုံးချိန်တွင် MIU FC အသင်းက ၁၇ ပွဲနိုင် တစ်ပွဲသရေ ရှုံးပွဲမရှိဘဲ ရမှတ် ၅၂ မှတ်ဖြင့် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ စတုတ္ထဆုရရှိသော VUC FC အသင်းကို ဖူဆယ်နှင့် သဲသောင်ပြင်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးကြည်မင်းသိန်းက ဆုကြေးငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ တတိယဆုရရှိသော YRG FC အသင်းကို Century Beverage Co.,Ltd. မှ မန်နေးဂျင်းဒါရိုက်တာ ဦးစိုင်းဝင်းအောင်က တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုကြေးငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း၊ ဒုတိယဆုရရှိသော MH Dream Team အသင်းကို ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်က တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုကြေးငွေကျပ် သိန်း ၁၀၀ ကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ချန်ပီယံဆုရရှိခဲ့သော MIU FC အသင်းကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က တစ်ဦးချင်းဆုများနှင့် ဆုကြေးငွေကျပ် သိန်း ၁၅၀ကိုလည်းကောင်း၊ ချန်ပီယံဆုဖလားကို အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ပေးအပ်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

STA

## ရီးရဲလ်မက်ဒရစ်အသင်းသမိုင်းတစ်လျှောက် ပွဲဦးထွက်ရာသီတွင် သွင်းဂိုးအများဆုံးစံချိန်ကို အမ်ဘက်ပီ ကျော်ဖြတ်နိုင်ရန်နီးစပ်နေ

**မက်ဒရစ် မတ် ၁၆**

စပိန်လာလီဂါ ပွဲစဉ်အဖြစ် ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းက ဗီလာရီးရဲလ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်ကစားသမား အမ်ဘက်ပီသည် အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် ပွဲဦးထွက်ရာသီတွင် သွင်းဂိုးအများဆုံးစံချိန်ကို ကျော်ဖြတ်နိုင်ရန်အတွက် နီးစပ်လျက်ရှိကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ် အသင်းက ဗီလာရီးရဲလ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အမ်ဘက်ပီသည် ပွဲချိန် ၁၇ မိနစ်တွင် ချေပဂိုးနှင့် ပွဲချိန် ၂၃ မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် သွင်းဂိုး မှတ်တမ်းကောင်းတစ်ရပ်ကို ကျော်ဖြတ်နိုင်ရန် နီးစပ်နေခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်း သမိုင်းတစ်လျှောက် ပွဲဦးထွက်ဘောလုံးရာသီတွင် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ၁၉၈၂-၁၉၈၃ ဘောလုံးရာသီက ဇာမိုရာနိုက ၃၇ ဂိုးဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေပြီး ၎င်း၏နောက်၌ ရော်နယ်ဒိုက ၂၀၀၉-၂၀၁၀ ဘောလုံးရာသီတွင် ၃၃ ဂိုးဖြင့် ဒုတိယနေရာတွင် ရပ်တည်နေပြီး ယခုအခါ အမ်ဘက်ပီက ၃၁ ဂိုး ရှိလာခဲ့သည့်အတွက် မကြာမီ စီရော်နယ်ဒို၏ စံချိန်ကို ကျော်ဖြတ်ပြီး ရာသီအကုန်တွင် ဇာမိုရာနို၏စံချိန်ကိုပါ ကျော်ဖြတ်နိုင်ရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

Ref : One Football

Trs : STA

## MNL 2 Promotion Amateur Club Tournament အုပ်စုပွဲစဉ်များ ကျင်းပ

**ရန်ကုန် မတ် ၁၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပမည့် MNL 2 Pro-motion Amateur Club Tourna-ment 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ရန်ကုန်မြို့၌ ဆက်လက်ကျင်းပခဲ့ရာ Happy Friend အသင်းနှင့် ZAN United အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး Young Boy အသင်းနှင့် Asia Lion အသင်းတို့ နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။

MNL 2 Promotion Amateur Club Tournament ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းအားကစားကွင်း-၃တွင် W United အသင်းနှင့် Asia Lion အသင်းတို့ ကစားခဲ့ရာ Asia Lion အသင်းက ၁၀ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး Asia Lion အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် လေးမိနစ်တွင် ဇော်မျိုးလွင်၊ ပွဲချိန် ၁၂ မိနစ်တွင် ထွန်းလင်းဦး၊ ပွဲချိန် မိနစ် ၂၀၊ ၃၉ နှင့် ၈၅ မိနစ်တို့တွင် ချစ်ဆန်းကို၊ ပွဲချိန် ၃၆ မိနစ်နှင့် ၆၃ မိနစ်တို့တွင် အောင်မြတ်မင်း၊ ပွဲချိန် ၅၃ မိနစ်တွင် သီဟကိုကို၊ ပွဲချိန် မိနစ် ၆၀ တွင် ဟိန်းဇေယျာဦးနှင့် ပွဲချိန် ၈၁ မိနစ်တွင် သိန်းဇော်တို့က သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၄ နာရီက ဗဟန်းအားကစားကွင်း-၃တွင် Happy Firendship အသင်းနှင့် ZAN United အသင်းတို့ ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး MFF Training Field-2 တွင် Young Boy အသင်းနှင့် Enjoy Brother အသင်းတို့ ကစားခဲ့ရာ Young Boy အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA



## အမျိုးသမီးလိဂ်ဖလား ချန်ပီယံဆုကို ချဲလ်ဆီးအမျိုးသမီးအသင်း ဆွတ်ခူးရရှိ

**လန်ဒန် မတ် ၁၆**

အမျိုးသမီးလိဂ်ဖလား ဗိုလ်လုပွဲစဉ်အဖြစ် ချဲလ်ဆီးအမျိုးသမီးအသင်းနှင့် မန်စီးတီးအမျိုးသမီးအသင်းတို့ ကစားခဲ့ရာ ချဲလ်ဆီးအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ချဲလ်ဆီးအမျိုးသမီးအသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် ဒါဟမ်းအမျိုးသမီးအသင်းကိုငါးဂိုးပြတ်ဖြင့်လည်းကောင်း၊ ဆီမီးဖိုင်နယ်အဆင့်တွင် ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုးပြတ်ဖြင့်လည်းကောင်း အနိုင်ယူ၍ ဗိုလ်လုပွဲရောက်ရှိခဲ့ပြီး မန်စီးတီးအသင်းက ကွာတားဖိုင်နယ်တွင် မန်ယူအသင်းကို နှစ်ဂိုး တစ်ဂိုး၊ ဆီမီးဖိုင်နယ်အဆင့်တွင် အာဆင်နယ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ချဲလ်ဆီးအသင်းနှင့် တွေ့ဆုံခဲ့သည်။

ဗိုလ်လုပွဲတွင် ချဲလ်ဆီးအသင်းက ပွဲစကတည်းက ဖိအားပေးနိုင်ခဲ့သဖြင့် ပွဲချိန် ရှစ်မိနစ်တွင် မာရာရာမီးယက်စ်က ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပြိုင်ပွဲကို ထိန်းချုပ်ကစားခဲ့ရာ ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် မန်စီးတီးအသင်း တိုက်စစ်ကစားအားမြှင့်တင်ခဲ့သဖြင့် ပွဲချိန် ၆၄ မိနစ်တွင် ဖူဂျီနိုက ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့ကာ သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း ချဲလ်ဆီးအသင်းက ဆက်တိုက် တိုက်စစ်ဆင်ခဲ့သဖြင့် ပွဲချိန် ၇၇ မိနစ်တွင် ဟာဆီဂါဝါ ကိုယ့်ဂိုးကို သွင်းယူခဲ့မှုကြောင့် ချဲလ်ဆီးအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်း အနေဖြင့် နည်းပြသစ် ဘွန်ပတ်စတာလက်ထက်တွင် ပထမဆုံးဆုဖလား ရယူနိုင်ခဲ့ပြီး အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်အဆင့်သို့လည်းကောင်း၊ ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ကွာတားဖိုင်နယ်အဆင့်သို့လည်းကောင်း တက်ရောက်နိုင်ခဲ့ကာ အမှတ်ပေးပြိုင်ပွဲတွင် ၁၆ ပွဲအပြီးတွင် ရမှတ် ၄၄ မှတ်ရရှိခဲ့သဖြင့် ဒုတိယနေရာမှ အာဆင်နယ်အသင်းကို ရမှတ် ရှစ်မှတ်ထိ ဖြတ်တောက် နိုင်ခဲ့သောကြောင့် ဖလားလေးလုံး လမ်းကြောင်းပေါ်တွင် ရောက်ရှိနေကြောင်း သိရသည်။




Ref : Espn

Trs : ML

## The Players Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို ဂျေဂျေစပေါင်း ဦးဆောင်

**ဖလော်ရီဒါ မတ် ၁၆**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပနေသည့် The Players Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဂျေဂျေစပေါင်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဘတ်ကောလေက စုစုပေါင်း သတ်မှတ် ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန် ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် ဂလိုဗာနှင့် စမောလေတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ဂျေဂျေစပေါင်းက "ဒီနှစ် ဂေါက်သီးရိုက်ရာသီအတွင်း ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲတွေမှာ စွမ်းဆောင်ရည်ပိုင်းက အားရကျေနပ်စရာ ကောင်းပါတယ်။ ပုံစံကောင်းရနေတဲ့ အခြေအနေမျိုးမှာ အခုရရှိထားတဲ့ ရလဒ်ဟာ အံ့ဩစရာကောင်းတဲ့ ရလဒ်လို့ မပြောနိုင်ပါဘူး။ ဒီပြိုင်ပွဲဟာ ခက်ခဲတဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်တယ်ဆိုတာ အမှတ်ပေးဇယားက သက်သေပြနေပါတယ်။ နောက်ဆုံးနေ့မှာ ဘာတွေဖြစ်လာမလဲဆိုတာ မသိနိုင်သေးဘူး။ ပုံစံကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

## တေးသံရှင် ရဲလေး၊ ဘန်နီဖြိုး၊ မိစန္ဒီတို့၏ Chit Thu Bazaar:Padauk Edition တေးဂီတဖျော်ဖြေပွဲကို SECRETARIAT YANGON တွင် ကျင်းပမည်




**ရန်ကုန် မတ် ၁၆**

တေးသံရှင် ရဲလေး၊ ဘန်နီဖြိုး၊ မိစန္ဒီတို့၏ Chit Thu Bazaar: Padauk Edition အမည်ရှိ သင်္ကြန်အကြို တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် SECRETARIAT YANGON (ယခင်ဝန်ကြီးများရုံး)၌ ကျင်းပမည်ဖြစ်ကြောင်း တေးသံရှင် မိစန္ဒီက ပြောပြ၍ သိရသည်။

အဆိုပါ တေးသံရှင်များ၏ Chit Thu Bazaar: Padauk Edition အမည်ရှိ သင်္ကြန်အကြို တေးဂီတဖျော်ဖြေပွဲကို မတ် ၂၈ ရက်မှ ၃၀ ရက်ထိ SECRETARIAT YANGON (ယခင်ဝန်ကြီးများရုံး) တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"နွေဦးရဲ့ လေပြည်နဲ့အတူ Chit Thu Bazaar: Padauk Edition ပွဲကို အတာသင်္ကြန်အကြို သင်္ကြန်အငွေ့အသက်တွေနဲ့အတူ ဝန်ကြီးများရုံးမှာ ကျင်းပမှာပါ။ ဘန်နီဖြိုး၊ ရဲလေးတို့လဲ ပါဝင်မှာဖြစ်သလို Chit Thu Bazaar ရဲ့ ပင်တိုင်အဆိုရှင်တွေလဲ ဖျော်ဖြေပေးအုံးမှာမို့ သင်္ကြန်အကြိုရက်တွေမှာ အတူတူသီဆိုကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် မိစန္ဒီက ပြောပြသည်။

တေးသံရှင် ရဲလေး၊ ဘန်နီဖြိုး၊ မိစန္ဒီတို့၏ Chit Thu Bazaar: Padauk Edition အမည်ရှိ သင်္ကြန်အကြို တေးဂီတဖျော်ဖြေပွဲကို SECRETARIAT YANGON (ယခင်ဝန်ကြီးများရုံး)တွင် ညနေ ၃ နာရီမှ ည ၁၀ နာရီထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ASH

## တေးသံရှင် အိမ့်ချစ်၏ Eint Chit Birthday Show တေးဂီတဖျော်ဖြေပွဲကို ချမ်းအေးသာစံမြို့နယ်The Square Theatre Bar ၌ ပြုလုပ်သွားမည်

**မန္တလေး မတ် ၁၆**

တေးသံရှင် အိမ့်ချစ်၏ Eint Chit Birthday Show တေးဂီတဖျော်ဖြေပွဲကို မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar ၌ မတ် ၂၃ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် အိမ့်ချစ်က ပြောပြ၍ သိရသည်။

တေးသံရှင် အိမ့်ချစ်၏ Eint Chit Birthday Show တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် အိမ့်ချစ်နှင့်အတူ ရဲလေး၊ ဖိုးကာ၊ နိုင်းဝမ်း၊ Bobby Soxer၊ ချမ်းမြေ့မောင်ချိုနှင့် အခြားနာမည်ကျော် တေးသံရှင်များလည်း အားဖြည့်ဖျော်ဖြေပေးကြမည်ဖြစ်ကာ တေးသံရှင်များ၏ ဖျော်ဖြေသီဆိုမှုကို Daily Gita Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။




"မန်းမြေက ပရိသတ်တွေကို အိမ့်ချစ်ရဲ့ Eint Chit Birthday Show မှာ အိမ့်ချစ်နဲ့အတူ ကိုဖိုးကာ၊ ကိုနိုင်းဝမ်း၊ ကိုရဲလေးတို့နဲ့အတူ Bobby Soxer၊ ချမ်းမြေ့မောင်ချိုတို့ကလဲ အားဖြည့်ပေးမဲ့အပြင် အခြားတေးသံရှင်တွေလဲ ပါဝင်သီဆိုပေးအုံးမှာပါ။ နာမည်ကျော် Daily Gita Band ကလဲ အကောင်းဆုံး တီးခတ်ပေးအုံးမှာမို့ လာရောက်အားပေးကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်"ဟု တေးသံရှင် အိမ့်ချစ်က ပြောပြသည်။

တေးသံရှင် အိမ့်ချစ်၏ Eint Chit Birthday Show တေးဂီတဖျော်ဖြေပွဲကို The Square Theatre Bar တွင် မတ် ၂၃ ရက် ည ၇ နာရီတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။ ASH

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက မြောက်ဂူနီစေတီတော်အနေကဇာတင်အလှူနှင့် အလိုတော်ပြည့်ကျောင်းတိုက်ရှိ သံဃာတော်များ၊ သီလရှင်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်း

**ညောင်ဦး မတ် ၁၆**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ မြောက်ဂူနီစေတီတော်အား အနေကဇာတင်အလှူနှင့် အလိုတော်ပြည့်ကျောင်းတိုက်ရှိ သံဃာတော်များနှင့် သီလရှင်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို မတ် ၁၅ ရက်က ပြုလုပ်ခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

အဆိုပါ မြောက်ဂူနီစေတီတော်သည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဦးဆောင်ကာ ရုပ်ရှင်လောကသားများက စုပေါင်းပြုပြင် မွမ်းမံလှူဒါန်းထားသည့် စေတီတော်ဖြစ်ပြီး နှစ်စဉ် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ သွားရောက်ကာ အနေကဇာတင်လှူလေ့ရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဦးဆောင်ပြီးတော့ ရုပ်ရှင်လောကသားတွေရဲ့ စုပေါင်းပြုပြင်မွမ်းမံမှုပြုလုပ်ထားတဲ့ ပုဂံက မြောက်ဂူနီ စေတီတော်မြတ်မှာ အရင်နှစ်တွေကအတိုင်း အစဉ်အလာမပျက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက သွားရောက်ပြီးတော့ အနေကဇာတင်အလှူကို မတ် ၁၅ ရက်က ပြုလုပ်ခဲ့ပါတယ်။ အဲဒီနေ့မှာပဲ အလိုတော်ပြည့် ကျောင်းတိုက်ဆရာတော်နဲ့ကျောင်းတိုက်အတွင်း သီတင်းသုံးနေတဲ့ သံဃာတော်တွေနဲ့ သီလရှင်တွေကိုလဲ အရုဏ်ဆွမ်းဆက်ကပ်ခဲ့ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ပြုပြင်မွမ်းမံခွင့်ရခဲ့သော မြောက်ဂူနီစေတီတော်သည် ပုဂံမြို့ဟောင်း၏ အရှေ့တောင်ဘက်၊ ဓမ္မရံဘုရားကြီး၏ အနောက်တောင်ဘက်တွင် တည်ရှိပြီး နရသီဟပတေ့မင်း လက်ထက် အေဒီ ၁၂၄၁ ခန့်တွင် မိဖုရားဖွားစောက တည်ဆောက်ခဲ့ကြောင်း သိရသည်။ ASH

## The Natural Order ဇာတ်ကား၌ မင်းသား ဂလန်းပိုဝဲ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် မတ် ၁၆**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ The Natural Order အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသား ဂလန်းပိုဝဲ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း မတ် ၁၅ ရက် သတင်းများအရ သိရသည်။

The Natural Order ဇာတ်ကားကို ဒါရိုက်တာ ဘာရီဂျန်ကင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ ဘာရီဂျန်ကင်းသည် Mufasa:The Lion King ကွန်ပျူတာ အင်နီမေးရှင်းဇာတ်ကားဖြင့် အောင်မြင်မှုရရှိထားသော ဒါရိုက်တာဖြစ်သည်။

လက်ရှိတွင် The Natural Order ဇာတ်ကား၏ ဇာတ်လမ်း ဇာတ်အိမ်အသေးစိတ်ကို ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

The Natural Order ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို စာရေးဆရာ မက်အောဒရစ်က ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိတွင် The Natural Order ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



## The Odyssey ဇာတ်ကား၌ မင်းသား ရိုင်ယန်ဟက် ပါဝင်မည်ဖြစ်

**နယူးယောက် မတ် ၁၆**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ The Odyssey ဇာတ်ကား၌ The Walking Dead မင်းသား ရိုင်ယန်ဟက် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မတ် ၁၅ ရက် သတင်းများအရ သိရသည်။

The Odyssey ဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာ ခရစ္စတိုဖာနိုလန်က တာဝန်ယူရိုက်ကူးမည် ဖြစ်ကြောင်း သိရသည်။

The Odyssey ဇာတ်ကားတွင် မင်းသား ရိုင်ယန်ဟက်သည် မင်းသား မက်ဒါမွန်၊ တွမ်ဟော်လန်း၊ ရောဘတ်ပက်တင်ဆင်၊ မင်းသမီး ဇန်ဒါယားတို့နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။


The Odyssey ဇာတ်ကားသည် ဂရိကဗျာဆရာကြီး ဟိုးမား၏ The Odyssey မော်ကွန်းကဗျာကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီသည် The Odyssey ဇာတ်ကား ထုတ်လုပ်မှုလုပ်ငန်းကို စတင်နေပြီဖြစ်သည်။

The Odyssey ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Chairman of State Administration Council Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing attends ceremony to present honorary titles for 2025


Senior General Min Aung Hlaing addresses the ceremony to present honorary titles for 2025.

**Nay Pyi Taw March 16**

Ceremony to present honorary titles for 2025 was held at Thabin Hall of the State Administration Council Chairman's Office this morning.

Chairman of State Administration Council Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing delivered an address at the ceremony and presented honorary titles.

Also present were Daw Kyu Kyu Hla, wife of the Senior General, Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win and wife, Daw Than Than Nwe, the SAC Secretary and wife, the Joint SAC Secretary and wife, SAC members and wives, union level dignitaries, union ministers and wives, senior military officers from Office of Commander- in-Chief and wives, deputy ministers, officials and title recipients and families.

In his address, the Senior General said at a time when all-out efforts are being made for peace, stability, progress and modernization of the nation, the strength of all nationalities plays a pivotal role and their collective participation is crucial. Success will be achieved only through the collective participation of every individual with spiritual force, awareness, and physical and intellectual capacity alongside the State's leadership. There are also honorable persons, who made brilliant performances by showing their above-average diligence, perseverance and strength. The nation is conferring honorary titles and badges on the persons, who made selfless and daring efforts brilliantly with heart and soul to the extent of their intellectual and technical knowledge under the State's leadership, on the Independence Day and other significant days.

In fact, persons who contributed brilliant efforts in nation-building task, sacrificed life in safeguarding Our Three Main National Causes, the national policy, made efforts in enforcing community peace and rule of law, made extraordinary efforts for the emergence of a modern and developed nation in accord with the political, economic and social objectives, served diplomatic duties with outstanding performance in the international affairs, introduced a world level creation or innovation in the field of science and arts or other areas, served the national interest with professional skills in literature and fine arts are the ideals of the State. Annually, the SAC is presenting titles and awards to such persons in honour of the extraordinary efforts they had made in the national interest.

Furthermore, the State Administration Council not only confers honorary titles and awards to deserving individuals within the country but also to foreign nationals who have wholeheartedly collaborated and contributed to the welfare of Myanmar. This is done to strengthen the bonds of friendship and mutual respect between nations.

The process of awarding honorary titles and medals is carried out systematically and in accordance with established regulations. Only those who truly deserve such honors are duly recognized, bringing pride and joy to the recipients and their families.

Today, at the ceremony for conferring honorary titles, a total of 50 individuals were honored. These include 13 recipients of the Sithu title, 3 recipients of the Thura title, 17 recipients of the Zeya Kyawhtin title, 14 recipients of the Wunna Kyawhtin title, 1 recipient of the Alinkar Kyaw Swa title, and 2 recipients of the Theikpa Kyaw Swa title. These awards were announced on January 4 (Independence Day) and March 2 (Peasants' Day) of 2025.


Senior General Min Aung Hlaing presents honorary title to U Thein Zaw.


Senior General Min Aung Hlaing presents honorary title to U Khin Maung Soe.


Senior General Min Aung Hlaing presents honorary title to Lt-Gen Khin Zaw Oo (Retd).


Senior General Min Aung Hlaing presents honorary title to Daw Khaing Thanda Chit.

The government's implementation of the Five-Point Roadmap, Nine Objectives, and Two National Goals is extensive and profound. For instance, the national prosperity initiatives encompass ensuring the rule of law, security, smooth transportation, peaceful education, and the well-being of the people in their daily lives. Each goal and objective involves detailed tasks and responsibilities across various sectors.

As is widely known, preparations are underway to hold a free and fair multiparty democratic general election. The government and the people must work together to ensure the successful conduct of this election.

The government expresses its gratitude and pride towards those who have made exceptional contributions to the nation, including those who have sacrificed and taken risks in fulfilling their duties.

*See Page 13*


Senior General Min Aung Hlaing presents honorary title to Maj-Gen Thet Tun Aung.


Senior General Min Aung Hlaing presents honorary title to Maj-Gen Win Myat.


Senior General Min Aung Hlaing presents honorary title to Maj-Gen Nay Myo Oo.


Senior General Min Aung Hlaing presents honorary title to U Nyunt Hlaing.


Senior General Min Aung Hlaing presents honorary title to Daw Khin Lay Gyi.


Senior General Min Aung Hlaing presents honorary title to Daw Nwe Nwe Khin.

*From Page 12*

It is hoped that the exemplary efforts of these individuals will inspire future generations to continue striving for the long-term stability, peace, prosperity, and modernization of the nation.

Following this, Senior General Min Aung Hlaing personally conferred the honorary titles to each recipient. These included 13 recipients of the Sithu title, 3 recipients of the Thura title, 17 recipients of the Zeya Kyawhtin title, 14 recipients of the Wunna Kyawhtin title, 1 recipient of the Alinkar Kyaw Swa title, and 2 recipients of the Theikpa Kyaw Swa title.

After the ceremony, the Chairman of the State Administration Council Prime Minister posed for a group photo with the awardees.

At the conclusion of the event, the Chairman of the State Administration Council Prime Minister warmly greeted the attendees, the awardees, and their family members.

100

# 59 killed, over 100 injured in deadly nightclub fire in North Macedonia

**Skopje March 16**

At least 59 people have died, and over 100 others have been hospitalized after a devastating fire broke out on Sunday at a nightclub in Kocani, North Macedonia, local media reported.

Authorities believe the blaze was sparked by pyrotechnic effects that ignited the venue's flammable ceiling material, causing the flames and thick smoke to spread rapidly. Video footage circulating online shows the ceiling engulfed in fire as people scramble to escape.

Interior Minister Panche Toshkovski confirmed that 18 of the injured are in critical condition. Among those hospitalized is Vladimir Blazevski, a member of the performing hip-hop group DNK, who sustained burns but remains in stable condition.

Police have detained one suspect and issued arrest warrants for four others, including the club's owner. Investigators are focusing on possible safety violations and negligence. Xinhua

# Interview: Former "economic hitman" unveils how U.S. hunts emerging markets

**Beijing March 16**

"It started out as an 'economic hunt' ... I have no doubt that in the end (U.S. President Donald) Trump wants to control Ukraine economically, and seize its mineral resources," said a New York Times best-selling author.

Speaking of the potential U.S.-Ukraine mineral deal, John Perkins, an author and former U.S. "economic hitman," revealed tactics employed by the United States to "economically hunt" emerging market nations.

In an interview with Xinhua, Perkins said he was recruited by U.S. intelligence to become an "economic hitman" in the 1960s-1970s. For over a decade, under the guise of chief economist at Charles T. Main Inc., he traveled to numerous emerging markets and developing countries, planning, participating in and witnessing major historical events.

In 2004, Perkins published his semi-autobiographical book Confessions of an Economic Hit Man and lifted the veil on America's "economic hitmen." Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## နယ်သာလန်တော်ဝင်ရေတပ်က ဖရီးဂိတ်စစ်သင်္ဘောမှ ခရုဇ်ဒုံးကျည်ကို ပထမဆုံးအကြိမ် စမ်းသပ်ပစ်လွှတ်



နယ်သာလန် တော်ဝင်ရေတပ်သည် ဖရီးဂိတ်စစ်သင်္ဘောမှTomahawk ခရုဇ်ဒုံးကျည်ကို ပထမဆုံးအကြိမ် စမ်းသပ်ပစ်လွှတ်ခဲ့ပြီး အဆိုပါဒုံးကျည်နှင့်ပတ်သက်၍ အချက်အလက်စုဆောင်းရေး ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း The Defense Post သတင်းဌာနက မတ် ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်ရေတပ်ဦးဆောင်၍ HN-LMS De Ruyter လေကြောင်းရန်ကာကွယ်ရေးနှင့် ကြီးကြပ်ကွပ်ကဲမှု တာဝန်ပေးအပ်ထားသော ဖရီးဂိတ်စစ်သင်္ဘောမှ ပစ်လွှတ်စမ်းသပ်ခဲ့မှုကို အမေရိကန်နိုင်ငံ Norfolk ကမ်းလွန်ပင်လယ်ပြင်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ နယ်သာလန် တော်ဝင်ရေတပ်အနေဖြင့် Tomahawk ခရုဇ်ဒုံးကျည်ကို De Zeven Provincien-Class ဖရီးဂိတ်စစ်သင်္ဘောတွင် တင်ဆောင်အသုံးပြုရန် ရည်ရွယ် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ဥရောပတွင် နယ်သာလန်တော်ဝင်ရေတပ်သည် တာဝေးပစ် Tomahawk ခရုဇ်ဒုံးကျည်ကို တပ်ဆင်အသုံးပြုလျက်ရှိသည့် တစ်ခုတည်းသော ရေတပ်ဖြစ်သည်။

၂၀၂၃ ခုနှစ်တွင် နယ်သာလန်နိုင်ငံသည် အကွာအဝေး ကီလိုမီတာ ၁၀၀၀ ကျော်ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသော Tomahawk ခရုဇ်ဒုံးကျည်ဝယ်ယူရေး အစီအစဉ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ Tomahawk ခရုဇ်ဒုံးကျည်၏ Block IV မြေပြင်တိုက်ခိုက်ရေးဗားရှင်းသည် အကွာအဝေး ၁၆၀၉ ကီလိုမီတာအတွင်းရှိ ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသည်။ ယခုကဲ့သို့ တာဝေးပစ်စွမ်းဆောင်ရည်များ ပိုင်ဆိုင်ထားသော Tomahawk ခရုဇ်ဒုံးကျည်ဖြင့် ပင်လယ်ပြင်မှ ကုန်းတွင်းပိုင်းပစ်မှတ်များကို နက်ရှိုင်းစွာတိုက်ခိုက်ချေမှုန်းနိုင်မည်ဖြစ်ကြောင်း၊ ဒုံးကျည်များသည် အကွာအဝေးကီလိုမီတာ ၁၀၀၀ ကျော် တိုက်စွမ်းရည်များပိုင်ဆိုင်ထားသည့်အတွက် တော်ဝင်ရေတပ်တိုက်စွမ်းအားများ မြှင့်တင်ပေးနိုင်မည်ဖြစ်သကဲ့သို့ ပြိုင်ဘက်ရန်သူများကို ဟန့်တားနိုင်ရန် အထောက်အကူကောင်းများဖြစ်ကြောင်း နယ်သာလန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

နယ်သာလန် တော်ဝင်ရေတပ်၏ Tomahawk ဒုံးကျည်များ ဝယ်ယူဖြည့်တင်းမှုသည် အစ္စရေးထုတ် PULS(Precise and Universal Launch System)အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်နှင့် အမေရိကန်ထုတ် JASSM-ER (Joint Air-to-Surface Stand off Missile-Extended Range) ဒုံးကျည်များအပါအဝင် ကာကွယ်ရေးစစ်လက်နက်ပစ္စည်း အမြောက်အမြားဝယ်ယူမှု၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။ Tomahawk ခရုဇ်ဒုံးကျည်သည် အကွာအဝေး ကီလိုမီတာ ၁၀၀ ခန့်သာ တိုက်ခိုက်နိုင်စွမ်းရှိသည့် Harpoon သင်္ဘောဖျက်ဒုံးကျည် တင်ဆောင်ထားသည့် De Zeven Provincien အမျိုးအစား ဖရီးဂိတ်စစ်သင်္ဘောများ၏ တိုက်ပွဲဝင်နိုင်မှုစွမ်းရည်များကို သိသိသာသာမြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် စစ်သင်္ဘော၌ တပ်ဆင်ထားသောလက်နက်စနစ်များတွင် RIM-162 Evolved Sea Sparrow ဒုံးကျည်နှင့် Standard Missile 2 Block IIIA လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်များ တပ်ဆင်ပစ်ခတ်နိုင်မည့်ဒုံးပြွန် ၄၀ ပါ Mk 41 (VLS) ဒေါင်လိုက်ပစ်လွှတ်မှုစနစ်၊ Mk 46 တော်ပီဒိုများအတွက် ဒုံးပစ်လောင်ချာနှစ်ခုတို့ပါဝင်သည်။ အားသာချက်မှာ Tomahawk ခရုဇ်ဒုံးကျည်သည် Mk 41 VLS ဒုံးပစ်လောင်ချာစနစ်နှင့် တွဲဖက်အသုံးပြုနိုင်ခြင်းဖြစ်သည်။ နယ်သာလန်တော်ဝင်ရေတပ်အနေဖြင့် De Zeven Provincien ဖရီးဂိတ်စစ်ရေယာဉ် လေးစီးအပြင် ရေတပ်၏ Walrus အမျိုးအစား ရေငုပ်သင်္ဘော သုံးစီးပေါ်တွင်လည်း Tomahawk ခရုဇ်ဒုံးကျည်ကို တပ်ဆင်အသုံးပြုရန် မျှော်လင့်ရသည်။ ဖရီးဂိတ်စစ်သင်္ဘော၌ ပထမဆုံးဒုံးကျည်တပ်ဆင်အသုံးပြုနိုင်မှုကို ၂၀၂၇ ခုနှစ်တွင်လည်းကောင်း၊ ရေငုပ်သင်္ဘော၌ ဒုံးကျည်တပ်ဆင်အသုံးပြုနိုင်မှုကို ၂၀၂၉ ခုနှစ်တွင်လည်းကောင်း စတင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Dutch Warship Test-Fires Tomahawk Cruise Missile for First Time ကို ဘာသာပြန်ဆိုထားပါသည်။**

## ပိုလန်က တပ်မတော်အတွက် ပြည်တွင်းထုတ်မောင်းသူမဲ့မြေပြင်သွားယာဉ်များ ဝယ်ယူအသုံးပြုရန် စာချုပ်ချုပ်ဆို

ပိုလန်နိုင်ငံသည် ပိုလန်တပ်မတော်အတွက် ပြည်တွင်းကုမ္ပဏီများက တီထွင်ထုတ်လုပ်ထားသည့်Tarantula မောင်းသူမဲ့မြေပြင်သွားယာဉ်များ ဝယ်ယူအသုံးပြုရန်အတွက် သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက မတ် ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၁၃ သန်း ကုန်ကျမည်ဖြစ်ပြီး စီမံကိန်းသည် ကင်းထောက်စွမ်းရည်များအတွက် မောင်းသူမဲ့မြေပြင်သွားယာဉ် ၉၆ စီးအပြင် ကြံ့ခိုင်ထိန်းသိမ်းရေးနှင့် ပြုပြင်ရေးဆိုင်ရာ ကိရိယာတန်ဆာပလာ ၁၀ စုံကို တပ်ဖွဲ့ဝင်များထံ ပံ့ပိုးပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြို့တော် ဝါဆောရှိ သိပ္ပံဆိုင်ရာ အင်စတီကျုတစ်ခုဖြစ်သည့် Łukasiewicz Research Network သည် ကနဦးလုပ်ငန်းများကို ဦးဆောင်ပေးသွားမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်အတွင်း အဆိုပါ မောင်းသူမဲ့မြေပြင်သွားယာဉ်များကို သက်ဆိုင်ရာတပ်ရင်း၊ တပ်ဖွဲ့များထံ လွှဲပြောင်းပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

Łukasiewicz Research Network အင်စတီကျုအနေဖြင့် မောင်းသူမဲ့မြေပြင်သွားယာဉ်များနှင့်ပတ်သက်၍ စစ်ဘက်အသုံးပြုမှုများအတွက် စမ်းသပ်မှုများ ပြုလုပ်ခြင်းနှင့် အော်ပရေတာတပ်ဖွဲ့ဝင်များကို လေ့ကျင့်သင်တန်းပေးခြင်းများ ဆောင်ရွက်ပေးသွားမည်လည်းဖြစ်သည်။ သဘောတူညီချက်တွင် Tarantulas မောင်းသူမဲ့ မြေပြင်သွားယာဉ် အစီး ၁၃၀ ထိ တိုးမြှင့်မှာယူရန် ရွေးချယ်ခွင့်ရှိသည်။ ထုတ်လုပ်မှုမြှင့်တင်ရန်နှင့် နည်းပညာပိုမိုတိုးတက်ဖွံ့ဖြိုးစေရန်အတွက် အနာဂတ်တွင် ဥရောပမဟာမိတ်များထံမှ ရန်ပုံငွေများ ရရှိလာနိုင်ဖွယ်ရှိသည်။

"ပိုလန်စစ်ဘက်ရဲ့ကြံ့ခိုင်မှုကို တည်ဆောက်တဲ့နေရာမှာ ပိုလန်နိုင်ငံထုတ်မြေပြင်သွားစက်ရုပ်တွေ ဖွံ့ဖြိုးတိုးတက်ရေးရဲ့ အဓိကနေရာတစ်ခုဖြစ်တဲ့ အင်စတီကျုမျိုး ကျွန်တော်တို့မှာ ရှိနေတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော်တို့ရဲ့ ပိုလန်နိုင်ငံ ကာကွယ်ရေးမဟာဗျူဟာမှာ ချမှတ်ထားတဲ့ လမ်းညွှန်ချက်တွေအတိုင်း ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်တဲ့အတွက် ဒါဟာ အလွန်အရေးကြီးတဲ့ စာချုပ်ဖြစ်ပါတယ်"ဟု ပိုလန်ဒုတိယဝန်ကြီးချုပ် Władysław Kosiniak-Kamysz က ပြောကြားခဲ့သည်။



ပိုလန်တပ်မတော်က ဝယ်ယူဖြည့်တင်းမည့် ပြည်တွင်းထုတ် Tarantula မောင်းသူမဲ့မြေပြင်သွားယာဉ်များသည် တပ်ဖွဲ့ဝင်များကို အန္တရာယ်မရှိစေဘဲ ကြိုးမဲ့ချိတ်ဆက်မှုဖြင့် အသံနှင့်ဗီဒီယိုဖိုင်များအပါအဝင် ဒေတာအချက်အလက်စုဆောင်းရေးမစ်ရှင်များတွင် တာဝန်ထမ်းဆောင်နိုင်စေမည်ဖြစ်သည်။ မောင်းသူမဲ့မြေပြင်သွားယာဉ်ဒီဇိုင်းသည် စစ်သုံးယာဉ်များဖြင့် သယ်ယူပို့ဆောင်နိုင်ကာ စစ်သည်တစ်ဦးတည်းဖြင့် စစ်မြေပြင်တွင် သယ်ဆောင်တိုက်ပွဲဝင်နိုင်သည့် ပေါ့ပါးကျစ်လျစ်သော ဒီဇိုင်းမျိုးဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်သည်။ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေစဉ် ယာဉ်ကို မြေမျက်နှာသွင်ပြင် အမျိုးမျိုး၊ မြို့ပြတောတွင်း၊ အတားအဆီးရှိသော ဧရိယာများ စသည်ဖြင့် လူသူအရောက်အပေါက်နည်းပါးသော နေရာများအတွက်ပါ တပ်ဖြန့် အသုံးပြုနိုင်မည်ဖြစ်သည်။ ပိုလန်နိုင်ငံသည် ပိုလန်တပ်မတော်အတွက် ကြည်း၊ ရေ၊ လေ အသုံးပြုနိုင်ရန် မောင်းသူမဲ့စနစ်သုံးယာဉ်များကို ဝယ်ယူဖြည့်တင်းမှုများရှိသကဲ့သို့ ပြည်တွင်း၌ တီထွင်ထုတ်လုပ်ရေး ကြိုးပမ်းမှုများဖြင့်လည်း မဟာဗျူဟာချမှတ်၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Poland Buys 'Tarantula' Reconnaissance Ground Drones From Local Partner ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဘိုကလေးမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးသလဲထိုးပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ကလေး မတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးသလဲထိုး ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်ထွေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလ တစ်လအတွင်း ငါးသလဲထိုးပိဿာချိန် ၆၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလ ၁ ရက်မှ ၂၈ ရက်ထိ တစ်လအတွင်း ငါးသလဲထိုးပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးသလဲထိုး တစ်ပိဿာလျှင် ငွေကျပ် ၂၁၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ပြီးခဲ့တဲ့လထဲမှာ ဘိုကလေးမြို့နယ်ကနေ ငါးသလဲထိုးတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ပါတယ်။ ရေထွက်ကုန်တွေထဲက ငါးသလဲထိုးပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကိုပဲ ရေထွက်ကုန်တွေကို အဓိက တင်ပို့ရောင်းချနေတာပါ။ ဒေသထွက် ရေထွက်ကုန်တွေထဲက ငါးသလဲထိုးကို လက်ရှိလဲ ရန်ကုန်ဈေးကွက်ကမှာယူနေသလို နောက်ထပ်လဲ မှာယူနေပါတယ်။ ကုန်ချိန်အများအပြား တင်ပို့ရတော့ လုပ်သားတွေ ငါးအရောင်းအဝယ်နဲ့ အဆင်ပြေနေပါတယ်"ဟု ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်ထွေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလဲထိုးများအပါအဝင် ရေထွက်ကုန်များတင်ပို့အား ကောင်းလာသည့်အတွက် ကုန်တင်ယာဉ် အငှားလိုက်လုပ်ငန်း၊ ရေလုပ်သားများ ၊ ကုန်ထမ်းလုပ်သားများအလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံ မြေထောက်ပဲ ဧက ၁၂၀၀ ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၆ ဒသမ ၅၈ တင်းထွက်ရှိ

**အင်းတော် မတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေထောက်ပဲ ဧက ၁၂၀၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ဧက ၃၄၃၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသော မြေထောက်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၁၂၀၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၅၈ တင်း ထွက်ရှိကြောင်း သိရသည်။



"အင်းတော်မြို့နယ်မှာ မြေထောက်ပဲ ဧက ၃၄၃၀ ထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေထောက်ပဲခင်းတွေ လက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၁၂၀၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့တယ်"ဟု အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

မြေထောက်ပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်ထံမှ သိရသည်။

(၂၀၆)

# တပ်ကုန်းမြို့နယ် စိန်ပန်းပင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် မတ် ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တပ်ကုန်းမြို့နယ် အတွင်းရှိ အိုင့်ကျယ်ကျေးရွာအုပ်စု စိန်ပန်းပင်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေး စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို မတ် ၁၅ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ တပ်ကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၊ ကုမ္ပဏီမှတာဝန်ရှိသူများ ကျေးရွာကော်မတီဝင်များနှင့်အတူ စိန်ပန်းပင်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေး စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးကလိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

စိန်ပန်းပင်ကျေးရွာ ကျေးလက်ရေရရှိရေး အကျယ် လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၅ ဒသမ ၁၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် Y2T Con-struction ကုမ္ပဏီမှ ဇွန်လစတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၃၆ အိမ်၊ လူဦးရေ ၅၆၇ ဦးတို့အတွက်ရာသီမရွေးသောက်သုံးရေ ရရှိတော့မည်ဖြစ်ကြောင်း ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးထံမှ သိရသည်။ **သူသူ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၆-၃-၂၀၂၅**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၅၀၀၀/၈၈၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၅၀၀၀/၇၈၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၀၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၅၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၂၅၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၄၁၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၇၃၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၇၉၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၉၆၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၂၅၀၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၂၅၀၀ |

(၁၉၆)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စည်သူဘွဲ့ရရှိသူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်အား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စည်သူဘွဲ့ရရှိသူ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင်(ငြိမ်း) ဦးအောင်သောင်းအတွက် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရာ သား ဗိုလ်ချုပ်ကြီးမိုးအောင်က လက်ခံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စည်သူဘွဲ့ရရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအဖွဲ့ဝင်(ငြိမ်း) ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး(ငြိမ်း)အား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စည်သူဘွဲ့ရရှိသည့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ အဖွဲ့ဝင်(ငြိမ်း) ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း(ငြိမ်း)အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စည်သူဘွဲ့ရရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ(ငြိမ်း) ဦးအောင်မင်းအား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စည်သူဘွဲ့ရရှိသည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာတိုးလှအား ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စည်သူဘွဲ့ရရှိသည့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဗိုလ်မှူးကြီးကြည်မောင်အတွက် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရာ သား ဦးကြည်မော်က လက်ခံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စည်သူဘွဲ့ရရှိသည့် စာရေးဆရာမကြီး ဒေါက်တာဒေါ်တင်ဝင်း(ဒေါက်တာမတင်ဝင်း-ပညာရေးတက္ကသိုလ်)အတွက် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရာ ဒေါ်နန့်ချစ်ကြည်က လက်ခံစဉ်။

ရှေ့ဖုံးမှအဆက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသည့်ပုဂ္ဂိုလ်များနှင့်မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်စေရန် ဘက်စုံထောင့်စုံက ကြိုးပမ်းတည်ဆောက်နေရာ၌ ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူအားလုံး၏ အင်အားသည်အဓိကကျပြီး အားလုံး၏ပူးပေါင်းပါဝင်မှုသည် အရေးကြီးကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပြည်သူတစ်ဦးချင်းစီက စိတ်ဓာတ်၊ အသိအမြင်၊ ကာယဉာဏ စွမ်းအားများနှင့် ပူးပေါင်းပါဝင်မှု အင်အားဖြင့်သာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဘွဲ့ရသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးအောင်သူအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သူရဘွဲ့ရသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးသက်ပိုင်မြင့်(ကိုယ်စား) ဇနီး ဒေါ်နှင်းဦးလှိုင်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းထိုက်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဇော်မင်းလတ်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မျိုးမင်းထွန်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်နိုင်မင်းကျော်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်ကျော်ကျော်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကျော်ရွှေထွန်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မိုးမြင့်ဆွေအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့် အပ်နှင်းစဉ်။

**အောင်မြင်နိုင်မည်ဖြစ်**ကြောင်း၊ထိုသို့ ဆောင်ရွက်ကြရာတွင် သာမန်အဆင့် ထက်သာလွန်သည့် လုံ့လ၊ ဝီရိယ၊ ခွန်အားစိုက်ထုတ်ပြီး ထူးချွန်ပြောင် မြောက်စွာ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များလည်းရှိနေသည်ကိုတွေ့ရ သည့်အတွက် ဝမ်းသာဂုဏ်ယူမိ ကြောင်း၊ယခုကဲ့သို့ နိုင်ငံတော်အစိုးရ ၏ ဦးဆောင်မှုနှင့်အတူ စိတ်ရော ကိုယ်ပါနှစ်မြှုပ်ပြီး မိမိတတ်စွမ်းသမျှ အသိပညာ၊ အတတ်ပညာများနှင့် ထူးကဲစွာဆောင်ရွက်သူ၊ ကိုယ်ကျိုး မဖက်နိုင်ငံ့အတွက် စွန့်လွှတ်စွန့်စား အကျိုးဆောင်သူများကို လွတ်လပ် ရေးနေ့နှင့်နေ့ထူးနေ့မြတ်အခါသမယ များတွင်ထိုက်သင့်သည့် ဂုဏ်ထူး ဆောင်ဘွဲ့၊တံဆိပ်များချီးမြှင့်အပ်နှင်း ဂုဏ်ပြုလျက်ရှိကြောင်း။

အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်ကိုတည် ဆောက်ရာတွင် စွမ်းစွမ်းတမံဆောင် ရွက်ကြသည့်ပုဂ္ဂိုလ်များ၊ အမျိုးသား ရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေး သုံးပါးကို ကာကွယ်စောင့်ရှောက်ရာ တွင် သက်စွန့်ကြိုးပမ်းဆောင်ရွက် ကြသည့် ပုဂ္ဂိုလ်များ၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုး ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊စီးပွားရေး၊လူမှုရေးဦးတည် ချက်များနှင့်အညီ ထူးခြားစွာ အားထုတ် ကြိုးပမ်းဆောင်ရွက်ကြ သည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင် သံတမန် တာဝန်များကို ထူးချွန်စွာဆောင်ရွက် သည့် ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ ဝိဇ္ဇာ ပညာနှင့်အခြားသောပညာရပ်တစ်ခု ခုတွင် ကမ္ဘာ့အဆင့်မီအောင်မြင်စွာ တီထွင် ဖန်တီးစွမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမ ပညာရပ်များတွင် ထူးခြားကောင်းမွန် စွာတတ်မြောက်ပြီး အကျိုးပြုကြ သည့်ပုဂ္ဂိုလ်များသည် နိုင်ငံတော် အတွက် စံနမူနာပြပုဂ္ဂိုလ်များပင်ဖြစ် ကြကြောင်း၊ ထိုသို့ ထူးချွန်ပြောင် မြောက် ပြီး နိုင်ငံ့အကျိုးကိုဆောင် ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များကို လေးစား တန်ဖိုးထားသည့် အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ က နှစ်စဉ်ဂုဏ်ပြုချီးမြှင့်မှုများပြုလုပ် လျက်ရှိကြောင်း။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် **ပြည်တွင်းက ဂုဏ်ထူးဆောင်ဘွဲ့ အပ်နှင်းခြင်းခံ ထိုက်သူများကိုသာမက ပြည်ပနိုင်ငံ များက မြန်မာနိုင်ငံ၏ ကောင်းရာ ကောင်းကျိုးကို စိတ်ကောင်းစေတနာ အပြည့်ဖြင့် စွမ်းစွမ်းတမံပူးပေါင်း ဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များကို လည်း နိုင်ငံအချင်းချင်းချစ်ကြည် ရင်းနှီးမှု ပိုမိုခိုင်မာစေရန်အတွက် ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်များ ချီးမြှင့်အပ်နှင်းလျက်ရှိကြောင်း။**

ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်ချီးမြှင့် အပ်နှင်းရေးဆိုင်ရာ လုပ်ငန်းများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူး ဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်း ချက်များနှင့်အညီ စနစ်တကျစိစစ် ရွေးချယ်ပြီး အမှန်တကယ် ဂုဏ်ပြု ချီးမြှင့်ထိုက်သူများကိုသာ ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှင်း ခဲ့ခြင်းဖြစ်သဖြင့် ဘွဲ့ခံပုဂ္ဂိုလ်များနှင့် မိသားစုဝင်များအတွက် အထူး ဂုဏ်ယူဝမ်းမြောက်မိသည်ကို ပြော ကြားလိုကြောင်း။

ယနေ့ကျင်းပသည့် ဂုဏ်ထူး ဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့) နှင့်မတ် ၂ ရက်(တောင်သူလယ်သမား နေ့)တို့တွင် အမိန့်ကြော်ငြာစာထုတ် ပြန်ပြီးဖြစ်သည့် စည်သူဘွဲ့ ၁၃ ဦး၊ သူရဘွဲ့ သုံးဦး၊ ဇေယျကျော်ထင်ဘွဲ့ ၁၇ ဦး၊ ဝဏ္ဏကျော်ထင် ဘွဲ့ ၁၄ ဦး၊ အလင်္ကာကျော်စွာဘွဲ့ တစ်ဦး၊ သိပ္ပကျော်စွာဘွဲ့ နှစ်ဦး စုစုပေါင်းဦးရေ ၅၀ ကို သက်ဆိုင်ရာဂုဏ်ထူးဆောင် ဘွဲ့များ ချီးမြှင့်အပ်နှင်းသွားမည် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်နေ သည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည် ချက် (၉)ရပ်၊ အမျိုးသားရေးရည်မှန်း ချက် (၂)ရပ်စသည့် လုပ်ငန်းစဉ်များ သည် လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် အလွန် ကျယ်ပြန့်နက်ရှိုင်းကြောင်း၊ ဥပမာ ပြောရမည်ဆိုပါက တိုင်းပြည်သာယာ ဝပြောရေး လုပ်ငန်းစဉ်များထဲတွင် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့ စေရေး၊ **စာမျက်နှာ ၁၈ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်ခင်သိန်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်ကျော်မိုးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်နိုင်ဝင်းဆွေအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမိုးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကျော်ကျော်ဦးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကျော်ကျော်လွင်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သိန်းဇော်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်ရုံး တိုင်းဒေသကြီးဥပဒေချုပ် ဒေါ်လှလှဝင်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အမြဲတမ်းအတွင်းဝန် ဦးလှဌေးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး၊ ပြည်သူများ ကိုယ်စိတ်နှလုံးအေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး စသည့် အချက်များစွာပါဝင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဦးတည်ချက်လုပ်ငန်းစဉ်နှင့် ရည်မှန်းချက်တိုင်းတွင် ကဏ္ဍအလိုက် အသေးစိတ်ဖော်ဆောင်ရမည့် လုပ်ငန်းတာဝန် များစွာရှိနေကြောင်း။

အားလုံး သိရှိပြီးဖြစ်သည့်အတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်ရန်အတွက် လိုအပ်သည့် ပြင်ဆင်မှုများကိုလည်း စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ **လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကို မဖြစ်မနေ ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်သည့်အတွက် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး အစိုးရနှင့်ပြည်သူ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်** လိုအပ်သည်ကို ပြောကြားလိုကြောင်း။

နိုင်ငံတော်အတွက် ထူးထူးချွန်ချွန် ဆောင်ရွက်ခဲ့ကြသူများ၊ စွန့်လွှတ်စွန့်စားမှု၊ အနစ်နာခံမှုတို့ဖြင့် တာဝန်ကျေခဲ့ကြသူများကို နိုင်ငံတော်အစိုးရအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ ဂုဏ်ယူပါကြောင်းကို ထပ်လောင်းပြောကြားလိုကြောင်း။

မိမိတို့၏ ဘဝတစ်သက်တာအတွင်း တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ယခုကဲ့သို့မှတ်တမ်းတင်ဂုဏ်ပြုချီးမြှင့်ခြင်းခံရသကဲ့သို့ ဆက်လက်ပြီး နိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် **စာမျက်နှာ ၁၉ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်(ငြိမ်း) ဦးတင်မြင့် (ကိုယ်စား) ဇနီး ဒေါ်သန်းနု အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်(ငြိမ်း) ဦးမောင်လှ (ကိုယ်စား) သား ဗိုလ်ချုပ်လှဝင်း(ငြိမ်း)အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် နိုင်ငံခြားရေးဝန်ကြီး ဌာနမှ သံအမတ်ကြီး(ငြိမ်း) ဦးလှဆွေ(ကိုယ်စား)အမွေခံ ဦးလှမောင်ချို အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် နိုင်ငံခြားရေးဝန်ကြီး ဌာနမှ သံအမတ်ကြီး(ငြိမ်း) ဦးတင်ထွန်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး(ငြိမ်း) ဦးဆက်(ကိုယ်စား) သမီး ဒေါ်သီတာဆက်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် နိုင်ငံခြားရေးဝန်ကြီး ဌာနမှ သံအမတ်ကြီး(ငြိမ်း) ဦးရွှေဇံအောင်(ကိုယ်စား) သား ဗိုလ်မှူး ထွန်းဇံအောင်(ငြိမ်း)အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် ဒေါက်တာစိုးလွင်ငြိမ်း (ငြိမ်း)အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အလင်္ကာကျော်စွာဘွဲ့ရရှိသည့် အဆိုပညာရှင် ဗိုလ်မှူး ခင်မောင်လှ(ငြိမ်း)(ရဲဘော်ခင်မောင်လှ)(ကိုယ်စား) သား ဦးနိုင်နိုင်ထွန်း အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

မိမိတို့၏သားစဉ်မြေးဆက်များကိုပါ ယခုကဲ့သို့ကြိုးပမ်းဆောင်ရွက်စေရန် စံနမူနာကောင်းများပြကြပါဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ပြည်ထောင်စု စည်သူသင်္ဂဟဘွဲ့များဖြစ်ကြသည့် စည်သူဘွဲ့ရရှိသူ ၁၃ ဦး၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဘွဲ့များဖြစ်ကြသည့် သူရဘွဲ့ရရှိသူ သုံးဦး၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များဖြစ်ကြသည့် ဇေယျကျော်ထင်ဘွဲ့ရရှိသူ ၁၇ ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၁၄ ဦး၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ တစ်ဦး၊ သိပ္ပကျော်စွာဘွဲ့ရရှိသူ နှစ်ဦးတို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ တစ်ဦးချင်းလက်ရောက် ချီးမြှင့်အပ်နှင်းပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သိပ္ပကျော်စွာဘွဲ့ရရှိသည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

☆ ကျောဖုံးမှအဆက်

အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့က နှစ်သုတ်ခွဲ၍ ယနေ့တွင် သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ နှစ် ၈၀ ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ ဘုရားဖူးလာ စစ်ရေးပြစစ်ကြောင်းများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့်အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီများ၊ သုဓမ္မာဇရပ်များ မုစလိန္ဒအိုင်နှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်ကြည်ညိုကြသည်။

ထို့ပြင် အဆိုပါစစ်ရေးပြစစ်ကြောင်းများသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး







ပြည်ထောင်စုနယ်မြေနေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအပါအဝင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် အထင်ကရနေရာများကို နှစ် ၈၀ ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများ သွားရောက်ဖူးမြော်လေ့လာကြစဉ်။

အား သွားရောက်ဖူးမြော်ကြည်ညိုခြင်း၊ တပ်မတော်စစ်သမိုင်းပြတိုက်နှင့် သူရဲကောင်းဗိမာန်တို့ကို သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

နှစ် ၈၀ ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင်ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိ၊ စစ်သည်များ၏စကားသံများကိုလည်း ယခုလိုပဲကြားသိခဲ့ရပါတယ်-

"အောင်ဇေယျစစ်ကြောင်းကနေပြီး တော့ပါဝင်အားဖြည့်တာပါ။ သူရဲကောင်းဗိမာန်ရယ်၊ စစ်သမိုင်းပြတိုက်ရယ်၊ ပြီးလို့ရှိရင် မာရဝိဇယဘုရားရယ်၊ ဥပ္ပါတသန္တိရယ် ပါရှင့်။ အခုလိုမျိုးလိုက်ပို့ပေးတဲ့အတွက် အထက်က လူကြီးတွေကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ နောက်ပြီးတော့ သူငယ်ချင်းတွေနဲ့ ဒီလိုမျိုးတပျော်တပါး သွားရတဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်။ နောက်ပြီးတော့ အတွေ့အကြုံတွေလည်း အများကြီးရပါတယ်။ မရောက်ဖူးတဲ့နေရာတွေမမြင်ဖူးတဲ့ အကြောင်းအရာတွေ နောက်ပြီးတော့နေရာတွေကိုမြင်ရတဲ့အတွက်လည်း ဗဟုသုတတွေအများကြီးရရှိပါတယ်ရှင့်။ အခုလိုမျိုး နှစ် ၈၀ ပြည့် တပ်မတော်နေ့မှာ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်ရှင့်။ တပ်မတော်သားတစ်ယောက်အနေနဲ့လည်း ဒီလိုမျိုး လျှောက်ရတဲ့အတွက်ကိုယ့်ကိုယ်ကိုဂုဏ်ယူမိပါတယ်"ဟု ပြောပြသည်။

"အခုလို ပင်ပင်ပန်းပန်းနဲ့ စစ်ရေးပြကျင့်နေရတဲ့ ကာလအတွင်းမှာ ဒီလိုစိတ်ပြေလက်ပျောက်ဖြစ်အောင်လို့ လိုက်ပို့ပေးတဲ့တာဝန်ရှိတဲ့ အထက်လူကြီးအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်ဗျ။ ဒီနှစ် ၈၀ ပြည့် တပ်မတော်နေ့ကစပြီးတော့ နောင်နှစ်ပေါင်းများစွာ တပ်မတော်ကြီးတည်တံ့ခိုင်မြဲပါစေ"ဟု ပြောပြသည်။

"ဝမ်းသာပီတိကတော့ ကျွန်တော်တို့ မြန်မာပြည်တစ်ပြည်လုံးက လူတွေအကုန်လုံး ဒီမှာလာပြီးတော့ ဘုရားလာဖူးတဲ့အတွက် ကျွန်တော့အနေနဲ့ ဂုဏ်ယူပါတယ်။ ဝမ်းသာပါတယ်။ နှစ် ၈၀ ပြည့် ကနေစပြီးတော့ တပ်မတော်သားအားလုံး ကျန်းမာချမ်းသာပါစေ၊ အသက်ရှည်ပါစေ" ဟု ပြောပြသည်။







(၅၀၁)

မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

**မန္တလေး မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း စုပေါင်းသွေးလှူဒါန်း



**ရန်ကုန် မတ် ၁၆**

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း YMBA (ဗဟို)၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင်အတွင်းရှိ မြို့နယ်များမှ ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းသား၊ အသင်းသူ ဦးရေ ၅၀ သည် ယနေ့နံနက် ၉ နာရီတွင် တပ်မတော်အရိုးအထူးကုဆေးရုံ( ခုတင် -၅၀၀) ၌ စုပေါင်းသွေးလှူဒါန်းကြသည်။

အဆိုပါသွေးလှူဒါန်းပွဲသို့YMBA(ဗဟို) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ အားပေးကြည့်ရှုကြပြီး တပ်မတော်အရိုးအထူးကုဆေးရုံမှ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းနှင့် အာဟာရစားသောက်ဖွယ်ရာများ ပြန်လည်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊ မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Busယာဉ်များနှင့် နှစ်တန်နှင့်အထက်အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ် သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ၂၀၂၅ ခုနှစ် မတ် ၁၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၈၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ




## မိုးညိုမြို့ ရွှေဥဒေါင်းရပ်ကွက် ဝေဇယန္တာပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တနရာသဘာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) သက်တော် ၈၆ နှစ် သိက္ခာ ၆၆ ဝါရှိ မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် မတ် ၁၆**

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း မိုးညိုမြို့ ရွှေဥဒေါင်းရပ်ကွက် ဝေဇယန္တာပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တနရာသဘာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)သက်တော် ၈၆ နှစ် သိက္ခာ ၆၆ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၆ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက် မတ် ၁၅ ရက် စနေနေ့ နံနက် ၃ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိစျာပနအခမ်းအနားကို ၁၃၈၆ ခုနှစ် တန်ခူးလဆန်း ၁၂ရက် ဧပြီ ၉ ရက် ဗုဒ္ဓဟူးနေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## အမြင့်ဆုံးအပူချိန်များ

( ၁၆ - ၃ - ၂၀၂၅ )

| | | | | |
|---|---|---|---|---|
| ချောက် | ၄၄ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၄၂ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၁ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၄၁ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၄၁ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၄၁ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မိတ္ထီလာ | ၄၁ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၄၁ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၁ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆို

**နေပြည်တော် မတ် ၁၆**

ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများကို စားသောက်ဖွယ်ရာများ ပေးအပ်ပြီး သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြစဉ်။

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၆၈၇၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၁၆**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ဘဏ်စရိတ်များ၊အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မတ် ၁၇ ရက်မှ ၂၃ ရက်ထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၆၈၇၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၆၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် မတ် ၁၆**

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့်အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများအား တားဆီးကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ထိထိရောက်ရောက် ပြတ်ပြတ်သားသား နှိမ်နင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-မယ်ထော်သလေးနှင့် KK Park နယ်မြေများတို့၌ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၁၆၃ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၆ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၆၅၉၉ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၃၅၈၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၀၁၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

အဆိုပါထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၆၅၉၉ ဦးသည် တရုတ်၊အင်ဒိုနီးရှား၊ ဗီယက်နမ်၊မလေးရှား၊ပါကစ္စတန်၊အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ဂျပန်၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများ ဖြစ်ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၆၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ဆော်ဒီအာရေဗျနိုင်ငံအပါအဝင် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ တင်ပို့နိုင်ရန် ငါးမွေးမြူထုတ်လုပ်လျက်ရှိ

**နေပြည်တော် မတ် ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရွှေဥကျေးရွာရှိ ဟန်စိုးမိုးကုမ္ပဏီလီမိတက်၏ငါးမွေးမြူရေးနှင့် ငါးအစာတောင့်စက်ရုံကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနတာဝန်ခံနှင့် ကုမ္ပဏီတာဝန်ရှိသူတို့က ငါးအစာတောင့်ထုတ်လုပ်ဖြန့်ဖြူးနေမှု၊ ငါးမြစ်ချင်း၊ ငါးတန်၊ ငါးခုံးမ၊ ရေချိုငါးမုတ်များ မွေးမြူထားရှိမှုနှင့် ဆော်ဒီအာရေဗျနိုင်ငံအပါအဝင် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ တင်ပို့နိုင်ရန်အတွက် အကောင်းဆုံးရေသတ္တဝါမွေးမြူရေးကျင့်စဉ် (BAP) လိုက်နာကျင့်သုံးမှုတို့ကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များမှာကြားသည်။

အလားတူ ဒုတိယဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရာစံအေးငါးမွေးမြူရေးစခန်း၌ ဆော်ဒီအာရေဗျနိုင်ငံသို့ အဓိကတင်ပို့နိုင်ရန်အတွက် အကောင်းဆုံးရေသတ္တဝါမွေးမြူရေးကျင့်စဉ်(BAP)ဖြင့် ငါးမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ပုဂ္ဂလိကငါးမွေးမြူရေး လုပ်ငန်းရှင်များကို BAP Pre-Audit Team ၏စစ်ဆေးဆောင်ရွက်ခဲ့သည့်အချက် ၁၀၃ ချက်အတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ကြရေး ဈေးကွက်လိုအပ်ချက်အရ ဆော်ဒီအာရေဗျနိုင်ငံသို့ မွေးမြူရေးရေထွက်ကုန်ပစ္စည်းများ တင်ပို့ခွင့်ရရှိရေးအတွက် BAP ကျင့်စဉ်နှင့်အညီ ဆောင်ရွက်ရေးနှင့် ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်ချက်များကို စနစ်တကျလိုက်နာကျင့်သုံးရန် လိုအပ်ချက်များ၊ မွေးမြူသည်မှ ကုန်ချောထုတ်လုပ်သည်ထိ လုပ်ငန်းစဉ်အဆင့်တိုင်းတွင် တင်သွင်းနိုင်ငံများက ချမှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်လုပ်နိုင်ရေးနှင့်



အရည်အသွေးပြည့်ဝ၍ ဘေးအန္တရာယ်ကင်းရှင်းသော ရေထွက်ကုန်ပစ္စည်းများ တင်ပို့နိုင်ရေး အကြံပြုဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် ငွေကျပ် ၃ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၅ သိန်းကျော် ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၆**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် ငွေကျပ် ၃ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၅ သိန်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၀ ရက် နံနက် ၅ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် မန္တလေးမှ ဘားအံဘက်သို့ ဝေဖြိုးမောင်(ခ)ကိုဖြိုး မောင်းနှင်ပြီး မမာလာကျော် လိုက်ပါလာသည့် DONG FENG ၂၂ ဘီးတွဲယာဉ်အား သတင်းအရ ရှာဖွေရာ ယာဉ်၏ရေတိုင်ကီအံဝှက်အတွင်း သိုဝှက်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် ၃ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၅ ဒသမ ၃ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရန်ကြားရှေ့(ခ)ကုလားက ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မှ ကရင်ပြည်နယ် ဘားအံသို့ သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပြစ်မှုကျူးလွန်သူများကို မော်တော်ယာဉ်၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ကျောက်မီးသွေးများကို ပြည်ပမှတင်သွင်းခွင့်ပြုမည်

**နေပြည်တော် မတ် ၁၆**

ပြည်တွင်းရှိစက်ရုံများ၏ ကုန်ထုတ်လုပ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဘိလပ်မြေစက်ရုံများ စဉ်ဆက်မပြတ်ကုန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော စက်မှုကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးများကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ပြည်ပမှတင်သွင်းခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သော ဘိလပ်မြေစက်ရုံများအနေဖြင့် သွင်းကုန်လိုင်စင်များ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေး ကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၁၅ ရက် တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Soe Maung Maung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် တောဇာချောင်ကျေးရွာနေစိုးမောင်မောင်(ခ)ဖိုးစိုးအား မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “သူရိယစိုး” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပြင်ဦးလွင်မြို့နယ် ရေချမ်းအိုးကျေးရွာနေ နေစိုးအား မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ဝတ္ထုတိုကလျာ

# ရန်လိုဟင်း တော်လှန်ရေး

ကျွန်းစဉ်မြေစောခက်



၁၉၈၁ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အခြေခံပညာကျောင်းများ၌ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအတွက် အင်္ဂလိပ်စာသင်ကြားရေးကို ဘာသာရပ်တစ်ခုအဖြစ် ပြဋ္ဌာန်းခဲ့ပါသည်။

ကျောင်းတော်တော်များများတွင် ဆရာလိုအပ်လျက်ရှိသည်။ မြေပုံမြို့နယ် သရက်တောင်ရွာ အစိုးရတွဲဖက်အလယ်တန်းကျောင်းမှ ဦးတင်မိုး(မူ/ပြ)ကို ငန်းတောင်ရွာသို့ လိုအပ်ချက်အရပေးပို့ခဲ့သည်။

ကျေးလက်ရင်ခွင်ကြားက တောင်သူလယ်သမားရင်သွေးငယ်များကို ပညာအာဟာရခွံ့ပေးချင်လွန်း၍ ပညာရေးပြေးလမ်းပေါ် ရောက်ရှိနိုင်ရေးအတွက် ပေးဆပ်မှုပေါင်းများစွာဖြင့် ခက်ခဲပင်ပန်းစွာကြိုးစားခဲ့ရသော ကျောင်းဆရာဦးတင်မိုးသည် လှေကလေးကို လှော်ပြီး ငန်းတောင်ရွာသို့ရောက်လာခဲ့သည်။

ဦးတင်မိုးမှာ ဆရာစိတ်ကိုရင်မှာပိုက်ပြီး ရှင်သန်နေသူဖြစ်၍ မည်သည့်နေရာသို့ ရောက်နေပါစေ ရောက်ရာမြေပြင်မှာ အပင်စိုက်ပြီး ဖူးရန်၊ ပွင့်ရန်၊ သီးရန်ပေါင်းသင်၊ ရေလောင်းပေးနေသော ဥယျာဉ်မှူးမြတ်ဆရာဟူ၍ နှလုံးသားတွင် ကမ္ပည်းတင်ထားသူဖြစ်သည်။ ဦးတင်မိုး ငန်းတောင်ရွာသို့ရောက်လာချိန်တွင် အဘိုးအိုလင်မယားနှစ်ယောက်အိမ်တွင် တည်းခိုနေထိုင်ရန် စီစဉ်ပေးခဲ့ကြသည်။

ဤတွင်ရွာ၌ ဈေးဟူ၍မရှိသဖြင့် အိမ်ရှင်အဘိုးအိုဇနီးမောင်နှံမှာ ဧည့်သည်ကျောင်းဆရာအတွက် ချက်ပြုတ်ကျွေးမွေးရန် အခက်ကြုံတော့သည်။ အဘိုးအိုမှာ အသက်ကြီးပြီဖြစ်၍ ငါးရှာ၊ ဟင်းရှာမသွားနိုင်တော့ပေ။ အိပ်ရာဝင်၊ အိပ်ရာထ ဘုရားရှိခိုးသည်။ နေ့လယ်၊ နေ့ခင်းဆို အဘိုးအိုမှာ နီးတောင်းရက်သည်၊ နီးဖျာရက်သည်။ အဘွားအိုက သားသမီးများအိမ်သွားပြီး ကလေးထိန်းသည်။ မြေးချီသည်။

ထမင်း၊ ဟင်း ချက်ချိန်ရောက်လျှင် ထမင်းအိုး တစ်အိုးတည်သည်။ ထမင်းအိုး တည်ထားတုန်းမှာပင် ဝါးနီးပလိုင်းထဲက ငရုတ်သီးခြောက်များကို လက်တစ်ဆုပ်စာဆုပ်ယူပြီး ဆန်ကောထဲထည့်ချသည်။ ငရုတ်သီးခြောက်အတောင့်များကို လက်ဝါးထဲ ဆုပ်ကိုင်ပြီးရေထဲ နှစ်ကာအိပျော့သွားအောင်ထိ ဆုပ်နယ်ပေးသည်၊ ငရုတ်သီးများအိပျော့သွားချိန်တွင် ငရုတ်ကြိတ်ခွက်ထဲထည့်ပြီး ငရုတ်သီးကြိတ်ကျောက်လုံးဖြင့် ဆေးကြိတ်သလိုအားထည့်ကာ ကြိတ်တော့သည်။ ငရုတ်သီးကြေညက်သွားချိန်တွင် မှျင်ငါးပိကို အနေတော်သင့်ရုံထည့်ပြီး ဆားကိုပါ ချိန်ဆထည့်သည်။

ငါးပိ၊ ငရုတ်၊ ဆားတို့ကို ရောနယ်ကြိတ်ပြီးချိန်တွင် အိုးထဲထည့်ပြီး ရေသင့်ရုံထည့်ကာ မီးဖိုပေါ်တင် ဟင်းချက်တော့သည်။ မန်ကျည်းသီးကိုထည့်ပြီး သစ်သား ယောက်မနှင့် ထိုးခြေလိုက်ခြင်းဖြင့် အချဉ်အရသာကိုရရှိစေပါသည်။ ဤဟင်းကို ကျွန်းစဉ်တစ်နယ်လုံးတွင် ငရုတ်သီးချက်ဟင်းဟူ၍ခေါ်ပါ၏။ ငရုတ်သီးချက်ဟင်းနှင့် အမြဲယှဉ်တွဲလျက်ပါလာသည်မှာ ငှက်ကြီးတောင်ညွန့်ဟင်းပင်ဖြစ်သည်။ (ရခိုင်လိုမှော်ဟင်းခေါ်ပါသည်။)

ငရုတ်သီးချက်ဟင်းမှာ နီရဲသော အရောင်အဆင်းရှိပြီး ဖြုန်းခနဲကြည့်လျှင် ဝါတာကာလာဆေးရည်နှင့် ပင်တူနေပေတော့သည်။ ထမင်းဖြူဖြူပေါ်ဆမ်းထည့်ပြီးရောနယ်ကာစားရသည်။ လွန်စွာပူပါသည်၊ စပ်ပါသည်။ ထမင်းလုတ်ဝါးစားနေရင်းပင် ပူလွန်းစပ်လွန်း၍ လေကိုတဖူးဖူးမှုတ်ထုတ်နေရသည်။

ဆိုရချေသော် ငရုတ်သီးချက်ဟင်းမှာ အဝင်ပူသလို အထွက်လည်းမအေးပေ။ ပူလွန်းစပ်လွန်း ၍ ရန်လိုဟင်းဟူ၍ စတစ်ဝက်နှင့် ခေါ်ကြ၊ ပြောကြ၏။

ဆရာဦးတင်မိုး ကျောင်းဆင်းလာပြီး အဘိုးအိုလင်မယားအိမ်သို့အရောက်မှာ ကျောင်းသွားလွယ်အိတ်ကလေးကို နံရံမှာချိတ်ထားလိုက်သည်။

"အဘိုးရေ "

" ဘာလဲ ဆရာလေး"

" ဒီမှာ ကွန်တစ်လက်လောက် ရနိုင်မလားလို့"

" ကွန်ကတော့ ရှိတယ်ကွဲ့။ အဘိုးကွန်ပစ်နိုင်တုန်းကဆို အားအားရှိဟင်းစားရှာကွန်ပစ်ခဲ့တာလေ"

"အဲဒီကွန် ကျွန်တော့်ကို ပေးငှားလိုက်ပါလားဗျာ"

"ဆရာလေးက ဘာလုပ်မှာမလို့လဲ"

"အဘိုးကလဲ ဟင်းစားရှာထွက်မှာပေါ့ဗျာ"

"ဟာ ဆရာလေးက ကျောင်းဆရာလုပ်နေပြီး ကွန်ပစ်တတ်လို့လား"

" အဘိုးရယ် ကျွန်တော်က ကျွန်းစဉ်တစ်ခွင်မှာ ချောင်းမကျန်၊ မြစ်မကျန် ပိုက်ချ၊ မျှားချလုပ်ပြီးမှ ဆယ်တန်းစာမေးပွဲအောင်ခဲ့လို့ ဒီဘဝရောက်ခဲ့တာခင်ဗျ"

"ဟင် အဲဒီလိုဆို ဆရာလေးက လူတော်ပဲ။ ဘဝကို ဖြစ်သလိုရုန်းကန်ပြီး အစိုးရကျောင်းဆရာဖြစ်လာခဲ့တာပေါ့"

"ဟုတ်တယ် အဘိုးရယ် ဒီမှာကြည့် ကျွန်တော့်လက်ဝါးပြင်တွေ ပိုက်ဆွဲမျှားဆွဲထားတာ အခုထိကျောက်ပြင်ဖြစ်နေတုန်းဗျ"

ဆရာဦးတင်မိုး လက်ဝါးပြင်နှစ်ဖက်ကို ဖြန့်ပြပြီး ပြုံးပြုံးကြီးပြောလိုက်ရာ အဘိုးဦးဖိုးသိန်းပါ ရောယောင်ပြီး ပြုံးလိုက်သည်။

" ဆရာလေးကလဲ နေခြည်တောင်ညှိုးနေပြီ။ ဘယ်မှာ ကွန်ပစ်ချိန်ရှိလို့လဲ"

"ဟင်းစားရှာတာများ အဘိုးရယ် ဘာကြာတာမှတ်လို့ ။ အခုရေတက်စပြုပြီ၊ ကျွန်တော့် လှေကလေးနဲ့ ထွက်သွားလိုက်မယ်။ ချောင်းကွေ့ကလေးတွေမှာ ရေတက်စနဲ့ ဝဲခိုငါးလေးတွေ ရတတ်တယ်ဗျ"

"ဟာ ဆရာလေးက ဘယ်ဆိုးလို့တုံး။ ရေအခြေအနေ၊ ငါးအခြေအနေတောင် တော်တော်သိနေပါလား"

"ရတယ် အဘိုးရတယ် မပူနဲ့ ကျွန်တော်သွားလိုက်မယ်"

ဆရာတင်မိုး ကွန်ထုပ်ကလေးနဲ့ လှော်တက်ကလေးကိုလက်ဆွဲပြီး မြစ်ဆိပ်သို့ ဆင်းသွားလိုက်ပေပြီ။

ဆရာတင်မိုးမှာ သရက်တောင်ရွာမှ ငန်းတောင်ရွာသို့ လှေကလေးနဲ့လှော်ဆင်းပြီး ကျောင်းတက်သဖြင့် သူ့လှေကလေးမှာ လှေဆိပ်တွင် အဆင်သင့်ရှိသည်။ ဆရာတင်မိုး ကွန်ထုပ်ကလေးကို လှေဝမ်းဗိုက်မှာချပြီး လှေကိုကျုံးလှော်လိုက်ရာ ထွင်းလှေကလေးမှာ ဒီရေအတက်ကလေးနှင့် ခပ်သွက်သွက်ပြေးနေပေတော့သည်။ ဆရာတင်မိုး မြစ်ကမ်းခြေဒီရေရောက်သစ်တောအစပ်မှာ ကွန်ပစ်ဖို့တစ်ချက်စဉ်းစားလိုက်သည်။ ကမ်းခြေသို့ လှိုင်းရိုက်နေသဖြင့် ငါးရနိုင်ဖွယ်မရှိဟု ခံယူလိုက်၏။ ငန်းတောင်မြစ်ကမ်းခြေအတိုင်း လှော်တက်လိုက်သည်။ တစ်နာရီခန့်လှော်လိုက်ချိန်တွင် ငန်းတောင်မြစ်၏လက်တက် တောင်ယောင်ချောင်းတွင်းသို့ လှော်ဝင်လိုက်သည်။ တောင်ယောင်ချောင်းမှာ ချောင်းကျဉ်းဖြစ်၍ လှိုင်းမရှိ။ ချောင်းကွေ့ချောင်းကောက်များကြောင့် ဒီရေမှာ တစ်ဟုန်ထိုးပြေးတက်မနေဘဲ ရေပတ်ရေဝဲခံလျက်ရှိသည်။ ကမ်းစပ်ဝဲခံရေငြိမ်နေရာမျိုးသည် ငါးခိုသောနေရာဟု ဆရာတင်မိုးသိသည်။ ချောင်းတွင်းသို့ အရောက်မှာ ကမ်းစပ်တစ်နေရာတွင်ကပ်ပြီး လှေကိုချုံထဲဆွဲချည်လိုက်၏။

ချောင်းသွယ်ကလေးသို့ ဒီရေအဝင်တွင် ရေညွန့်ဖျား၌ ငါးကလေးများ လှုပ်လှုပ်လှုပ်လှုပ်နှင့် ကူးပြေးနေကြသည့်သဘောကို ရေတံငါတစ်ဖြစ်လဲ ဆရာတင်မိုးသိသည်။ ကွန်ကိုဖြန့်ပြီး ဘယ်ဘက်တံတောင်ဆစ်တွင် တင်လိုက်သည်။ ကွန်သားကို အညီအမျှခွဲခြမ်းပြီး ဘယ်ညာနှစ်ဖက်တွင် မျှကိုင်လိုက်သည်။ လက် အနေအထား ကွန်အနေအထား ဟုတ်နေပြီဟုသိလိုက်ချိန်တွင် တံတောင်နှစ်ဖက်ကို မြှင့်လိုက်ပြီး မောင်းအားသွင်းကာ လွှဲပစ်ချလိုက်တော့သည်။

“ဗွီး ဖျန်း ဂျောင်း”

ကွန်မှာ အဝိုင်းညီစွာဖြန့်ကားပြီး ချောင်းရေပြင်ထဲသို့ ကျသွားတော့သည်။ ဆရာတင်မိုး ကွန်ဖူးချာနှင့် လက်ကောက်ဝတ်ကို ဆက်သွယ်ထားကာ ဖူးချောကြိုးကိုတင်းကြည့်လိုက်၏။ တဖြုတ်ဖြုတ်လှုပ်ခါနေကြသည်ကိုတွေ့လိုက်ရာ ဆရာတင်မိုး တစ်ချက်ပြုံးပစ်လိုက်သည်။ သိပ်မကြာ လက်ဆယ်ကြိုးကိုဆွဲယူပြီး ကွန်ကိုရေထဲက အသာအယာဖော်လိုက်သည်။ ကွန်ထဲမှာမိနေသည့်ငါးများ ရုန်းမထွက်နိုင်စေရန် ကွန်ကိုလိမ်ဆွဲဆွဲပြီးဖော်တင်လိုက်ရာ ငါးများတလှုပ်လှုပ်နှင့်ပါလာကြသည်။ ဆရာတင်မိုး ကွန်ဖျားက ခဲထုပ်ကိုရေထဲ၌ လှုပ်ခါဆေးကြောလိုက်၏။ ကွန်တင် ငါးတွေဆိုတော့လည်း သိပ်ကြီးကြီးမပါကြဘူး။ ကဘီလူး၊ ငါးစင်ရိုင်းနှင့် ပုစွန်ဖြူများသည်။ ရေတက်ဦးမို့ ငါးများမြူးချိန်ဖြစ်သည်။ ဆရာတင်မိုး ချောင်းကမ်းခြေအတိုင်း ရေထဲလမ်းလျှောက်ရင်း တစ်နာရီကျော်ကျော် ကွန်ပစ်လိုက်ရာ အိမ်ကယူလာခဲ့သောပလိုင်းထဲတွင် ငါးများပြည့်သွားသည်။ ဆရာတင်မိုး ရွာသို့ သိပ်မမှောင်ခင်ရောက်ရေးအတွက် လှေကိုဖိလှော်လိုက်ရာ နေဝင်စတွင် ရွာရောက်ခဲ့သည်။

"ဟာ ဆရာလေး ကွန်ပစ်တာလား"

"ဟုတ်တယ် ကိုလှသာရေ ကျွန်တော်ဒီနေ့ ရန်လိုဟင်းတော်လှန်ရေးလုပ်တာဗျ"

"ဘယ်လို တော်လှန်ရေးလဲ ပြောပြပါအုံး"

"ဟာဗျာ ကိုလှသာကလဲ ကျွန်တော်က အဘိုး၊ အဘွားတွေနဲ့နေရတာလေ၊ အဘိုး၊ အဘွားတွေမှာ အသက်ကလဲကြီးနေကြပြီဆိုတော့ ရှာဖို့ဖွေဖို့မဖြစ်နိုင်တော့ဘူးလေဗျာ။ ငရုတ်သီးချက်ဟင်းနဲ့ချည်းစားရဖန်များတော့လဲ အဝင်ပူ၊ အထွက်ပူနဲ့ဗျာ။ အဲဒါ ဒီနေ့တော့ ရန်လိုဟင်းကို တော်လှန်ပစ် လိုက်ပြီဗျာ"

"ဒီမှာ တွေ့လား ကျွန်တော် ကွန်သွားပစ်တာ ငါးတွေပလိုင်းအပြည့်ပဲ"

"ဟုတ်တယ်ဗျာ ကျွန်တော်တို့ရွာက မြစ်နားမှာ သာနေကြတာ ငါးရှာဖို့ စိတ်ကသိပ်မရှိကြဘူး။ လယ်လုပ်တာပဲ အာရုံရတယ်။ လယ်လုပ်ပြီး ဒီအတိုင်းနေကြတာ။ မှျင်တစ်ယောက် ဆင်းထိုးရင် ရလာတာ အလုအယက်ဝယ်ကြတယ်။ ငါးတစ်ယောက်သွားရှာရင် ရလာတာ အလုအယက်ဝယ်ကြတယ်"

ဆရာတင်မိုးနှင့် ကိုလှသာတို့ ပြောနေရင်းပင် ရွာသားတချို့ရောက်လာကြပြီး ဆရာတင်မိုးပလိုင်းကို လှမ်းကြည့်ကြ ဆွဲကြည့်ကြနှင့်။

“ကဲ ခင်ဗျားတို့အားလုံးကို ကျွန်တော်ပြောလိုက်မယ်။ ဒီငန်းတောင်ရွာက ငါးဟင်းပေါတဲ့မြစ်ချောင်းအလယ်မှာတည်ထားတဲ့ရွာဗျ။ ဒါကြောင့် ကျွန်တော့်လိုပဲခင်ဗျားတို့ ရန်လိုဟင်းတော်လှန်ရေး လုပ်ကြပါဗျို့”

ဆရာတင်မိုးရယ်ရင်းပင် ကြော်ငြာတစ်ခုဝင်လိုက်သည်။

"ငါးတွေ ပေါပါတယ်ဗျာ။ ကျွန်တော်တောင်ဘာမှမကြာဘူး။ ခဏလေးသွားရှာလိုက်တာ ရလာတာတွေ့တယ်မဟုတ်လား။ ခင်ဗျားတို့သွားရှာရင် ရင်လဲ ဟင်းစားက ပိုတာရောင်းလို့ချလို့ရတာပေါ့ဗျာ။ မဟုတ်ဘူးလား”

"ဟုတ်တယ်ဗျာ တို့လဲ ရန်လိုဟင်းတော်လှန်ရေး လုပ်တော့မယ်ဟေ့"

ဆရာတင်မိုး ကွန်ပစ်အပြန်လမ်းပေါ်က စကားဝိုင်းကလေးသည် ဘဝရသစကားဝိုင်းတစ်ခု ဖြစ်ကျန်ခဲ့ပေတော့သည်။

# ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ရာနှုန်းပြည့်ရိတ်သိမ်း



ကသာ မတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၄၀၈၈ ဧကရိတ်သိမ်းပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၄၀၈၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါ စိုက်ပျိုးထားသောပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၁၉၃ ဧက တစ်ဧကလျှင် ၃၆ ဒသမ ၄၀ တင်းနှင့်ဖူးစားပြောင်း ၃၈၉၅ ဧက တစ်ဧကလျှင် ပြောင်းဖူးရေ ၃၀၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ကသာမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၄၀၈၈ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ပြောင်းခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်း အောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှား ရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးကပြောပြသည်။

အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း တီလားဗီးယားငါး ပိဿာချိန် ၇၄၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် မတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း တီလားဗီယားငါး ပိဿာချိန် ၇၄၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြိုးဖြိုးက ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက တီလားဗီးယားငါး ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ရက်ထိ တီလားဗီးယားငါး ပိဿာချိန် ၇၄၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသမှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက် ရှိကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်ကလဲ တီလားဗီးယားငါးတွေကို ဝယ်ယူမှု များနေတဲ့အတွက် ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ငါး ပိဿာချိန် တော်တော်များများ တင်ပို့ ရောင်းချခဲ့ရတာကြောင့် ရေလုပ်ငန်းရှင်တွေ၊ ကုန်သည်တွေ၊ရေလုပ်သားတွေအလုပ်အကိုင် အခွင့်အလမ်းတွေ အဆင်ပြေနေပါတယ်''ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြိုးဖြိုးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင်မွေးမြူသည့်တီလားဗီးယားငါးနှင့်သဘာဝ အတိုင်းဖမ်းဆီးရရှိသည့် တီလားဗီးယားငါးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ တီလားဗီးယားငါး တစ်ပိဿာလျှင် ငွေကျပ် ၁၁၅၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဘားအံမြို့နယ် ကော့ဒွန်းကျေးရွာ၌ ကုန်ထုတ်တံတားတည်ဆောက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေး

ဘားအံ မတ် ၁၆

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကော့သံခါကျေးရွာအုပ်စုကော့ဒွန်းကျေးရွာ၌ ကုန်ထုတ်တံတား တည်ဆောက်နေမှုအခြေအနေများကို မတ် ၁၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူး (နည်းပညာ)ဦးမင်းဝေဖြိုး၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူကော့ဒွန်းကျေးရွာ၌ အရှည်ပေ ၄၀၊ အကျယ် ၁၄ ပေ၊ အမြင့်၁၂ ပေရှိ ကုန်ထုတ်တံတားတည်ဆောက် နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက် ညွှန်ကြားရေးမှူး (နည်းပညာ) ဦးမင်းဝေဖြိုးက တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ရက်အတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ပြီးစီးအောင် အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားသည်။

ကော့ဒွန်းကျေးရွာ၌ ကွန်ကရစ် အမျိုးအစား ကုန်ထုတ်တံတား တစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၉၇ ဒသမ ၉၉၇ သန်းဖြင့် ရတနာပြည့်လျှံကုမ္ပဏီက ၂၀၂၄ခုနှစ် ဇွန် ၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဆက်လူ**

## ဂိမှာန် ဝိဉာဉ်

- လောကပြည်ရွာ ရှစ်မျက်နှာသို့
ရွက်ဝါဆက်သား ရှေ့ပြေးသွား၍
နောက်ပါးကျောထောက် ရွက်နုပေါက်ချိန်
သွေးသောက်နှင်းကြွင်း၊ လက်ပြရင်းက
နှောင်းတင်းနှုတ်ဆက် ထွက်ခွာလျက်တည့်။

- ဝဲယာတောင်ပံ စုန်ရင်းဆန်ရင်း
ဂိမှာန်တပ်မှူး လေပြည်မြူးလည်း
ဦးတည်ဖြန့်ကြက် စစ်ဆင်ထွက်ကာ
ကူးယှက်လှုပ်ယိမ်း မြစိမ်းရောင်ဆင်
ဝန်းကျင်တစ်လွှား ပိုင်စိုးထားနေ။

- မြိုင်ယံတောတန်း စိမ်းညို့လွှမ်းခိုက်
နီမြန်းလက်ပံ ဝန်းပတ်ရံကာ
ရဲမာန်နိုးထ ရဲစွမ်းပြရင်း
လောကပုံရိပ် အားသစ်ဖိတ်အောင်
ခတ်နှိပ်ဇာတ်ညွှန်း ထုဆစ်သွန်းနေ။

- ဖွားဖက်အဖော်
ကိုယ်ရံတော်ငှက် ပင်ယံထက်တွင်
ပိုင်နက်ရှုခင်း ဗျူဟာခင်းလျက်
မြူနှင်းအဆန့် ကင်းထောက်ဖြန့်ချိန်
တပ်လှန့်ပွဲတင် တေးသံစဉ်ကို
သခင်နွေမ ရှုမဝအောင်
ခြယ်သပီပြင် အလှဆင်ရင်း
ဝန်းကျင်တစ်ကြော ဖွဲ့သီနှောသည်
ဥဩ ဥဩ သံချိုသာ
တံလျှပ်စက်ကွင်း လှိုင်းအောက်မှာ
ဂိမှာန်ပုံရိပ် သက်ဝင်စွာ။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# တရုတ်နိုင်ငံ၏စားနပ်ရိက္ခာလုံခြုံရေးဆိုင်ရာမဟာစီမံကိန်းအလားအလာ အပိုင်း(၁)

ကမ္ဘာလုံးဆိုင်ရာစားနပ်ရိက္ခာလုံခြုံမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုမြင့်တက်လာလျက်ရှိသည့်အချိန်၌ ၂၀၂၅ ခုနှစ်တွင် လယ်ယာကုန်ထုတ်လုပ်ငန်း ဖူလုံကြွယ်ဝရေးဆိုသည့် တရုတ်နိုင်ငံ၏မဟာဗျူဟာများသည် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုနှင့် ကမ္ဘာလုံးဆိုင်ရာစားနပ်ရိက္ခာလုံခြုံမှုတို့အတွက် များစွာအရေးပါလျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် အကြီးမားဆုံးစားနပ်ရိက္ခာအရန်စနစ်နှင့်အတူ ကမ္ဘာ့အကြီးမားဆုံးစားနပ်ရိက္ခာထုတ်လုပ်သူနှင့် ပြည်ပတင်ပို့သူအဖြစ်ဆက်လက်ရပ်တည်နေစဉ်မှာပင် စားနပ်ရိက္ခာပံ့ပိုးဖြန့်ဖြူးရေးကွင်းဆက် ရေရှည်တည်ငြိမ်မှုနှင့်ပတ်သက်၍ သတိထားစောင့်ကြည့်လျက်ရှိသည်။

တရုတ်အနေဖြင့် စိုက်ပျိုးရေးထုတ်လုပ်မှုတွင် မိမိကိုယ်ကို မှီခိုအားထားနိုင်မှုခိုင်မာသေချာစေရန် ပြည်ပအရင်းအမြစ်များအပေါ် မှီခိုအားထားမှုများကို လျှော့ချရေးရည်မှန်းလျက် ဦးစားပေးအစီအမံများကို ဆက်လက်လုပ်ဆောင်လျက်ရှိသကဲ့သို့ ပြည်တွင်းထုတ်လုပ်မှုမြှင့်တင်နေသည့်အပြင် နိုင်ငံရပ်ခြားတွင် စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကိုလည်း တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ တရုတ်စီးပွားရေးလုပ်ငန်း၏ပင်မကျောရိုးဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းသည် အရေးပါသော ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် လယ်သမားဦးရေ အနည်းငယ်သာရှိသော နိုင်ငံကြီးအဖြစ်မှသည် ကြီးမားအားကောင်းသော စိုက်ပျိုးရေးနိုင်ငံအဖြစ်သို့ ပြောင်းလဲလုပ်ဆောင်လာလျက်ရှိသည်။

ပထဝီနိုင်ငံရေးဆိုင်ရာတင်းမာမှုများ မြင့်တက်နေခြင်း၊ ကုန်သွယ်မှုဆက်ဆံရေးပြောင်းလဲလာခြင်းနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာဖိအားများမြင့်တက်လာခြင်းစသည့် စိန်ခေါ်မှုများဖြစ်ပေါ်နေသည့်အချိန်တွင်ပြည်သူသန်း ၁၄၀၀ ကျော်ကို ကျွေးမွေးရလျက်ရှိသော တရုတ်နိုင်ငံ၏ချဉ်းကပ်ဆောင်ရွက်မှုသည် စားနပ်ရိက္ခာပံ့ပိုးဖြန့်ဖြူးမှု ခိုင်မာသေချာရေးနှင့် ကမ္ဘာ့အဆင့်တွင် မဟာဗျူဟာမြောက်အနေအထားကို ဆက်လက်ထိန်းသိမ်းထားရှိရေးတို့အတွက် ခိုင်မာစွာဆုံးဖြတ်ထားရှိသည်။

မကြာသေးမီနှစ်များအတွင်း တရုတ်နိုင်ငံသည် တည်ငြိမ်မှုမရှိသော ပထဝီနိုင်ငံရေးဆိုင်ရာ ရာသီဥတုအခြေအနေတွင် နိုင်ငံ၏အနာဂတ်စိုက်ပျိုးရေးလုပ်ငန်းကို ချက်ချင်းကာကွယ်စောင့်ရှောက်သွားရန် လိုအပ်ကြောင်းအသိအမှတ်ပြုလျက် မှီခိုအားထားရပြီး ကြာရှည်ခံသောစားနပ်ရိက္ခာပံ့ပိုးဖြန့်ဖြူးမှုလုပ်ငန်းခိုင်မာသေချာစေရန် အပြင်းအထန်ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

တရုတ်သမ္မတရှီကျင့်ဖျင်က တရုတ်ပြည်သူများ၏စားနပ်ရိက္ခာကို တရုတ်ပြည်သူများကိုယ်တိုင်ထုတ်လုပ်ပြီး တရုတ်ပြည်သူများ၏လက်ဝယ်တွင်ရှိရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားရှိသည်။ သမ္မတရှီကျင့်ဖျင်နှင့် တရုတ်နိုင်ငံ၏မူဝါဒချမှတ်သူများသည် စားနပ်ရိက္ခာလုံခြုံမှုကို ထိပ်တန်းဦးစားပေးတာဝန်အဖြစ် သတ်မှတ်ထားရှိပြီး သိမ်မွေ့ရှုပ်ထွေးလာသော ကမ္ဘာလုံးဆိုင်ရာဝန်းကျင်တွင် ထိပ်တန်းအမျိုးသားဦးစားပေးလုပ်ငန်းအဖြစ် အသိအမှတ်ပြုထားသည်။

ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးဆိုင်ရာတင်းမာမှုများ၊ ရာသီဥတုပြောင်းလဲမှု၊ ကုန်သွယ်မှုကမောက်ကမဖြစ်စဉ်များ၊ အမေရိကန်နှင့်ဖြစ်ပွားနေသောတင်းမာမှုများနှင့် တည်ငြိမ်မှုမရှိသော နိုင်ငံတကာစားနပ်ရိက္ခာဈေးကွက်များသည် စားနပ်ရိက္ခာပံ့ပိုးဖြန့်ဖြူးမှုအပေါ် ယခင်ကထက်ဖိစီးမှုပိုမိုလာခဲ့သည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် မကြာသေးမီနှစ်များအတွင်း စားနပ်ရိက္ခာလုံခြုံမှုနှင့်စားနပ်ရိက္ခာပံ့ပိုးဖြန့်ဖြူးမှုတို့ကို နိုင်ငံရေးဆိုင်ရာဦးစားပေးလုပ်ငန်းများအဖြစ်သဘောထားကာ အမြင့်ဆုံးအဆင့်ထိ တိုးမြှင့်လုပ်ဆောင်လာခဲ့သည်။

ယခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ထုတ်ပြန်ခဲ့သည့် တရုတ်နိုင်ငံ၏ ၂၀၂၅ ခုနှစ်အတွက် အမှတ် (၁) ဗဟိုစီမံချက်မှတ်တမ်းသည် အမျိုးသားစားနပ်ရိက္ခာလုံခြုံမှုခိုင်မာသေချာစေမည့် ဆုံးဖြတ်ချက်ကို မီးမောင်းထိုးပြသလျက်ရှိသည်။ ဗဟိုအစိုးရက ထုတ်ပြန်သည့် အရေးပါသော မူဝါဒကြေညာချက်ဖြစ်သော ၎င်းမှတ်တမ်းသည် အရေးပါသော အမျိုးသားရေးရည်မှန်းချက်များကို မီးမောင်းထိုးပြသထားသည်။ ၎င်းမှတ်တမ်းသည် ကျေးလက်ဒေသပြန်လည်ရှင်သန်သက်ဝင်မှု၊ စိုက်ပျိုးရေးလုပ်ငန်း ခေတ်မီအဆင့်မြှင့်တင်ခြင်းနှင့် ပြည်တွင်းနှင့်နိုင်ငံတကာ၌ စိန်ခေါ်မှုများမြင့်တက်နေသည့်ကြားတွင် တိုင်းပြည်၏စားနပ်ရိက္ခာလုံခြုံမှုတို့ကို အလေးထားဖော်ပြလျက်ရှိသည်။

**❖ယခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ထုတ်ပြန်ခဲ့သည့် တရုတ်နိုင်ငံ၏ ၂၀၂၅ ခုနှစ်အတွက် အမှတ် (၁) ဗဟိုစီမံချက်မှတ်တမ်းသည် အမျိုးသားစားနပ်ရိက္ခာလုံခြုံမှုခိုင်မာသေချာစေမည့် ဆုံးဖြတ်ချက်ကို မီးမောင်းထိုးပြသလျက်ရှိသည်။ ဗဟိုအစိုးရက ထုတ်ပြန်သည့် အရေးပါသော မူဝါဒကြေညာချက်ဖြစ်သော ၎င်းမှတ်တမ်းသည် အရေးပါသော အမျိုးသားရေးရည်မှန်းချက်များကို မီးမောင်းထိုးပြသထားသည်။ ၎င်းမှတ်တမ်းသည် ကျေးလက်ဒေသပြန်လည်ရှင်သန်သက်ဝင်မှု၊ စိုက်ပျိုးရေးလုပ်ငန်း ခေတ်မီအဆင့်မြှင့်တင်ခြင်းနှင့် ပြည်တွင်းနှင့်နိုင်ငံတကာ၌ စိန်ခေါ်မှုများမြင့်တက်နေသည့်ကြားတွင် တိုင်းပြည်၏စားနပ်ရိက္ခာလုံခြုံမှုတို့ကို အလေးထားဖော်ပြလျက်ရှိသည်။ ❖**

၂၀၂၅ ခုနှစ် အသေးစိတ်စီမံချက်သည် ဆန်၊ စပါးနှင့် အရေးပါသောလယ်ယာထုတ်ကုန်များ တည်တည်ငြိမ်ငြိမ်ဖြန့်ဖြူးခြင်း၊ ဆင်းရဲမှုလျှော့ချခြင်း၊ ဒေသစက်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်း၊ ကျေးလက်ဒေသဆောက်လုပ်ရေးလုပ်ငန်း အဆင့်မြှင့်တင်ခြင်း၊ ကျေးလက်ဒေသစီမံအုပ်ချုပ်မှု တိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် ကျေးလက်ဒေသများတွင် အရင်းအမြစ်ခွဲဝေချထားရာတွင် သင့်မြတ်အောင်ဆောင်ရွက်ခြင်းဆိုသည့် အလေးထားဆောင်ရွက်ရမည့်အဓိကနယ်ပယ် ခြောက်ခုကို မီးမောင်းထိုး ဖော်ပြထားသည်။

**ဂျုံနှင့်ဆန်စပါးပံ့ပိုးဖြန့်ဖြူးမှု ခိုင်မာသေချာအောင်ဆောင်ရွက်ခြင်း**

ကမ္ဘာ့အကြီးမားဆုံး လယ်ယာစိုက်ပျိုးရေးထုတ်လုပ်သူနှင့်တင်သွင်းသူဖြစ်သော တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ဂျုံနှင့်ဆန်စပါးဈေးကွက်များတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိပြီး ၂၀၂၄ ခုနှစ်အတွင်း ဂျုံ၊ ဆန်စပါးနှင့်ပဲပိစပ် မက်ထရစ်တန်ချိန် ၁၅၇ သန်းတင်သွင်းခဲ့သည်။ ဂျုံနှင့်ဆန်စပါး ဖူလုံရေးသည် တရုတ်နိုင်ငံ၏စားနပ်ရိက္ခာမူဝါဒတွင် ဗဟိုချက်မအဖြစ် ဆက်လက်တည်ရှိလျက်ရှိသောကြောင့် တိုင်းပြည်၏ရေရှည်စားနပ်ရိက္ခာပံ့ပိုးဖြန့်ဖြူးမှုခိုင်မာသေချာအောင်ဆောင်ရွက်ရာတွင် အရေးပါသောအခန်းကဏ္ဍကို ထင်ဟပ်စေလျက်ရှိသည်။

လွန်ခဲ့သောနှစ်များအတွင်း တရုတ်နိုင်ငံ၌ ဂျုံနှင့်ဆန်စပါးထုတ်လုပ်မှုစံချိန်တင် မြင့်တက်ခဲ့သော်လည်း လူဦးရေတိုးတက်လာမှုနှင့် အသား၊ ငါးစားသုံးမှုမြင့်တက်လာခြင်းကြောင့် စားသုံးမှုပုံစံပြောင်းလဲလာခြင်း၊ တိုးတက်လာသောတရုတ်ပြည်သူများကြား နို့ထွက်ပစ္စည်း ပိုမိုစားသုံးလာခြင်းတို့ကြောင့် ကုန်ထုတ်လုပ်မှုတိုးမြှင့်ရန်လိုအပ်နေဆဲပင်ဖြစ်သည်။ စားသုံးမှုအလေ့အထပြောင်းလဲလာခြင်းနှင့်အတူ ဂျုံနှင့်ဆန်စပါးဆက်လက်ပံ့ပိုးဖြန့်ဖြူးနိုင်ရေးသည် ပိုမိုအရေးပါလာလျက်ရှိသည်။

ဂျုံနှင့်ဆန်စပါးထုတ်လုပ်မှုသည် တရုတ်နိုင်ငံ၏ စားနပ်ရိက္ခာလုံခြုံမှုမဟာဗျူဟာ၏အဓိက ဒေါက်တိုင်ပင်ဖြစ်သည်။ ၂၀၂၅ ခုနှစ် ဗဟိုစီမံချက်မှတ်တမ်းသည် ဂျုံနှင့်စပါးစိုက်ပျိုးမှုဧရိယာများ တည်ငြိမ်အောင်ဆောင်ရွက်ခြင်း၊ ကောက်ပဲသီးနှံအထွက်နှုန်း တိုးမြှင့်ခြင်းနှင့် ကောက်ပဲသီးနှံအရည်အသွေး တိုးတက်အောင်ဆောင်ရွက်ခြင်းဆိုသည့် ဘက်စုံမဟာဗျူဟာကို မီးမောင်းထိုးပြသထားသည်။

၎င်းစီမံချက်သည် ပဲပိစပ်နှင့် ဆီထွက်သီးနှံများ တိုးမြှင့်ထုတ်လုပ်ခြင်းကို အလေးထားဖော်ပြထားပြီး ဇီဝနည်းပညာနှင့် အမတော်ငွေကိုလည်းရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ သာဓကအနေဖြင့် ရေ့ပြေးဈေးငွေအစီအစဉ်များသည် အဆင်ပြေချောမွေ့စွာဖြန့်ဖြူးနိုင်ရေး ပြည်နယ်များကြား အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်မှုများနှင့်အတူ အဓိကကျသောနေရာများတွင် ဂျုံ၊ ဆန်စပါးနှင့် ဆီထွက်သီးနှံများ ထုတ်လုပ်မှုကိုဆွဲဆောင်သွားမည်ဖြစ်သည်။

ယခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင်ပြုလုပ်ခဲ့သည့် နိုင်ငံတော်ကောင်စီသတင်းစာရှင်းလင်းပွဲ၌ တာဝန်ရှိသူများက စားနပ်ရိက္ခာလုံခြုံမှုသည် ထိပ်တန်းဦးစားပေးလုပ်ငန်းအဖြစ် ဆက်လက်တည်ရှိနေကြောင်း ထပ်လောင်းပြောကြားသွားခဲ့သည်။ ကျေးလက်ဒေသရေးရာဆိုင်ရာဗဟိုရုံး ညွှန်ကြားရေးမှူး ဟန်ဝမ်ဖူးက ဂျုံနှင့်ဆန်စပါးထုတ်လုပ်မှုကို လျှော့မလုပ်ဘဲ ပိုမိုခိုင်မာအားကောင်းအောင် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ဈေးနှုန်းအတက်အကျများသည် စားနပ်ရိက္ခာလုံခြုံမှုကို ခြိမ်းခြောက်လျက်ရှိကြောင်း၊ လက်ရှိအခြေအနေကိုကျေနပ်နေ၍ မရကြောင်း သတိပေးပြောကြားသွားခဲ့သည်။

လယ်သမားများ၏ စိတ်ဓာတ်မြှင့်တင်ရေးအတွက် ဗဟိုအစိုးရသည် ဆန်နှင့်ဂျုံတို့ကို သင့်တင့်သော အနိမ့်ဆုံးနှုန်းဖြင့်ဝယ်ယူခြင်း၊ အဓိကကျသောပြည်နယ်များတွင် ဂျုံနှင့်ဆန်စပါးသိုလှောင်ရုံများ တိုးချဲ့ခြင်းနှင့်အတူ ပြည်နယ်အသီးသီးတွင် ဈေးကွက်အထောက်အကူပြု ဝယ်ယူခြင်းများပါဝင်သောမူဝါဒများကိုလည်း မိတ်ဆက်ကျင့်သုံးသွားရန် ရည်မှန်းထားရှိသည်။

၂၀၂၄ ခုနှစ် ကျေးလက်လုပ်ငန်းဗဟိုညီလာခံတွင် ချမှတ်ခဲ့သော အဆိုပါကြိုးပမ်းမှုများသည် ဂျုံနှင့်ဆန်စပါးထုတ်လုပ်မှုတွင် တည်ငြိမ်အောင်အလေးထားဆောင်ရွက်ရင်း ပြည်တွင်းဂျုံနှင့်ဆန်စပါးပံ့ပိုးဖြန့်ဖြူးမှု တည်ငြိမ်အောင်ဆောင်ရွက်သွားမည့် အစိုးရ၏ခိုင်မာသည့်ဆုံးဖြတ်ချက်ကို ထပ်လောင်းအတည်ပြုထားသောကြောင့် တရုတ်နိုင်ငံ၏စားနပ်ရိက္ခာလုံခြုံမှု၏ အဓိကဒေါက်တိုင်များပင်ဖြစ်သည်။

၂၀၀၃ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ပြည်တွင်းဂျုံနှင့်ဆန်စပါးထုတ်လုပ်မှုသည် မက်ထရစ်တန်ချိန်သန်း ၄၃၀ မှ သန်း ၆၀၀ ထိ တိုးတက်လာခဲ့ပြီး အထူးသဖြင့် ယန်ဇီမြစ်၊ တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းနှင့် တရုတ်နိုင်ငံမြောက်ပိုင်းမြေပြန့်ကဲ့သို့သော အဓိကဒေသများတွင် ထုတ်လုပ်မှုတိုးတက်လာခဲ့သည်။ ထို့ပြင် တရုတ်နိုင်ငံသည် ယန်ဇီမြစ်စီးပွားရေးရပ်ဝန်းတွင် သီးထပ်ဆန်စပါးနှင့် အရည်အသွေးမြင့်ဂျုံကဲ့သို့သော ပဓာနကျသည့် ကောက်ပဲသီးနှံများထုတ်လုပ်ရေးအတွက် အဓိကနယ်မြေများ သတ်မှတ်ထားလျက်ရှိသည်။

တရုတ်နိုင်ငံ၏ လက်ရှိငါးနှစ်စိုက်ပျိုးရေးစီမံကိန်းသည် နှစ်စဉ်ဂျုံနှင့်ဆန်စပါးထုတ်လုပ်မှု မက်ထရစ်တန်ချိန် သန်း ၇၇၀ ကျော်ရရှိရန်ရည်မှန်းထားရှိပြီး ၂၀၃၅ ခုနှစ်တွင် ပြည်တွင်းပဲပိစပ်ထုတ်လုပ်မှုတန်ချိန် ၂၃ သန်းထိ တိုးမြှင့်သွားရန်ရည်မှန်းထားရှိသည်။ ထိုသို့ လုပ်ဆောင်ခြင်းအားဖြင့် ဗဟိုအစိုးရသည် ကမ္ဘာလုံးဆိုင်ရာမသေချာမရေရာမှုများ မြင့်တက်နေသည့်ကြားတွင် အနောက်နိုင်ငံများထံမှတင်သွင်းမှုလျှော့ချသွားရန်ရည်မှန်းထားရှိသည်။

**စိုက်ပျိုးရေးဆိုင်ရာတီထွင်ဆန်းသစ်မှုနှင့်နည်းပညာ**

ထောက်ပံ့ရေးကွင်းဆက် မသေချာမရေရာမှုများနှင့်ရာသီဥတုဆိုင်ရာစိန်ခေါ်မှုများ မြင့်တက်လာသည့်ကြားတွင် တရုတ်နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးဆိုင်ရာလုံခြုံမှုနှင့် နည်းပညာဆိုင်ရာကိုယ်ပိုင်ရပ်တည်နိုင်မှုတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံ၏ လက်ရှိအမှတ် (၁) ဗဟိုစီမံချက်မှတ်တမ်း စိုက်ပျိုးရေးဆိုင်ရာနည်းပညာကို စားနပ်ရိက္ခာလုံခြုံမှုမဟာဗျူဟာအတွက် ဗဟိုချက်မအဖြစ် အလေးထားလျက်ရှိသည်။ ဗဟိုအစိုးရသည် သုတေသနနှင့်အသုံးချမှု၊ ပြည်တွင်းထုတ်လယ်ယာစိုက်ပျိုးရေးသုံးစက်ပစ္စည်းနှင့် ဉာဏ်ရည်တုနည်းပညာ(AI)၊ 5G အချက်အလက်အပါအဝင် စမတ်လယ်ယာစနစ်များနှင့် လယ်ယာကဏ္ဍတွင် စွမ်းဆောင်ရည် မြှင့်တင်ခြင်းတို့ကို အရှိန်အဟုန်မြှင့်တင်သွားရန် စီမံကိန်းရေးဆွဲထားရှိသည်။

ထို့ကြောင့် တရုတ်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် နိုင်ငံတော်အဆင့်စိုက်ပျိုးရေးစက်မှုလုပ်ငန်းစုကြီး ၅၀၀ ထိ ထူထောင်သွားရန်ရည်မှန်းထားရှိသည်။ အဆိုပါလုပ်ငန်းစုကြီးများသည် သုတေသနအင်စတီကျူးရှင်းများ၊ လယ်ယာစီးပွားရေးလုပ်ငန်းများနှင့် လယ်ယာလုပ်ငန်းများကြား ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအောင်လုပ်ဆောင်ကာ မိုးခေါင်ရေရှားဒဏ်ခံနိုင်သောကောက်ပဲသီးနှံများ၊ ခေတ်မီစက်ပစ္စည်းနှင့် တာရှည်ခံသော အလေ့အထတို့ကို အလေးထားလုပ်ဆောင်လျက်ရှိသည်။

**ကိုးကား**

– China's grand plan for food self-sufficiency By Asia Times.

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင်း ပန်းကဏန်းပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း မတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ပန်းဂဏန်းပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလအတွင်း ပန်းကဏန်းပိဿာချိန် ၅၅၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ပန်းကဏန်းပိဿာချိန် ၇၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပန်းကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲကိုတင်ပို့ရောင်းချနေတဲ့ ပန်းကဏန်းတွေက လယ်ကွင်းထဲကဖမ်းယူရရှိတာဖြစ်ပါတယ်။ ပန်းဂဏန်းတွေအပါအဝင်ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလထဲမှာ ပန်းကဏန်းတွေ ပိဿာချိန် ၇၅၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ဒီဘက်ကနေတင်ပို့ရောင်းချတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ပန်းကဏန်းတွေဝယ်ယူအားကောင်းလာတော့ ရေလုပ်ငန်းရှင်တွေ အရောင်းအဝယ်လုပ်ငန်း ပိုမိုလုပ်ကိုင် လည်ပတ်လာရပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ် ပန်းကဏန်းများ အပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့ရောင်းချနေသည့် ပန်းကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၈၅၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါ ပန်းကဏန်းများ ဝယ်ယူအားကောင်းလာခြင်းကြောင့် ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ကားအငှားလိုက်သည့်လုပ်ငန်းရှင်များ အဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## မိုင်းဖြတ်မြို့နယ် ဟိုနားစောမွန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုင်းဖြတ် မတ် ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ဖြင့် ဟိုနားစောမွန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင် နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ဟိုနားစောမွန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင်း လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၅ ဒသမ ၉ သိန်း၊ စုစုပေါင်းရန်ပုံငွေ ၁၆၅ ဒသမ ၉ သိန်း အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဩဂုတ် ၃၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်ထံမှ သိရသည်။

**ဇင်မာ**

# စည်းစည်းစားစား ကြင်နာကြပါ

**မင်းယဉ်စု**

"တိရစ္ဆာန်များကို ကြင်နာပါ" . . . တဲ့။ ဟုတ်ကဲ့။ သူများတွေတော့မသိ။ ကျွန်တော်တို့ရပ်ကွက်ထဲက လမ်းသူလမ်းသားတွေကတော့ ကြင်နာတတ်တဲ့ အသည်းနှလုံးပိုင်ရှင်တွေပီပီ တကယ်ကြင်နာကြတယ်ခင်ဗျာ။

မနက်ခင်းမှာပဲဖြစ်ဖြစ် ညနေခင်းမှာပဲဖြစ်ဖြစ် အိမ်ရှေ့ထွက်ပြီး ရေမြောင်းဘေးက လမ်းပေါ်မှာ ခွေးစာငှက်စာတွေ ကျွေးမွေးကြတာပါပဲ။ အစာခွက်နဲ့သေသေချာချာထည့်ပြီး ကျွေးတဲ့အိမ်ကခပ်ရှားရှား ဒီအတိုင်း ကွန်ကရစ်ခင်းထားတဲ့လမ်းပေါ်မှာ စုပုံကြဲပက်ပြီး ကျွေးလိုက်ကြတာသာ များပါတယ်။

အဲဒီအစားအစာတွေကို ခိုကလေးတွေ ကျီးကန်းတွေကလာစားကြသလို ခွေးလေခွေးလွင့်တွေကလဲ လာစားပြီးအားပေးကြတယ်။ ခွေးလေခွေးလွင့်ဆိုတာက သတ်သတ်မှတ်မှတ်မွေးထားတဲ့ ပိုင်ရှင်မရှိဘဲ သူတို့ဘာသာ သွားလာလှုပ်ရှားကျင်လည်နေတဲ့ ပိုင်ရှင်မဲ့ခွေးတွေပါပဲ။

ပိုင်ရှင်မဲ့ခွေးဆိုတော့ကာ စားချင်ရာစား၊ သွားချင်ရာသွား၊ အိပ်ချင်ရာအိပ်ရင်း လမ်းပေါ်က နေရာတကာမှာ မစင်စွန့်ကြတာ ရွံစရာကြီးဗျာ။ လမ်းသွားလမ်းလာ လူတကာခမျာ သူတို့မစင်ပုံတွေ ရှောင်ရ၊ ခွေးစာငှက်စာ ထမင်းကျန်ဟင်းကျန်တွေ ရှောင်ရနဲ့ သွားရလာရတာ ဒုက္ခရောက်ကြရတယ်ပေါ့ဗျာ။ ဘယ်သူမှ ရှင်းမဲ့လင်းမဲ့သူလဲမရှိ။

သွားရင်းလာရင်း ခွေးချေးပုံနင်းမိတာက ကိစ္စမရှိ။ ခွေးကိုက်ခံရရင်တော့ ကိစ္စတွေရှိသွားပြီပေါ့ဗျာ။ ပိုင်ရှင်မဲ့ခွေး ဘယ်သူ့ကိုသွားတိုင်မှာလဲ။ ဘယ်သူက တာဝန်ယူဖြေရှင်းပေးမှာတဲ့လဲ။

ကိုယ့်ဘာသာကိုယ်သာ တာဝန်ယူဖြေရှင်းပြီး ဆေးရုံဆေးခန်းသွား၊ ခွေးရူးကာကွယ်ဆေးထိုးရုံရှိတာပေါ့ဗျာ။

နောက်တစ်ခုပြဿနာက စည်းမရှိ၊ ကမ်းမရှိ စည်းမဲ့ကမ်းမဲ့ စုပုံကြဲပက်ထားတဲ့ အစားအစာတွေကို ကြွက်တွေကလာပြီး ဆွဲသေးတယ်ခင်ဗျာ။ အဲဒီအစားအစာအကြွင်းအကျန်နဲ့ ကြွက်တွေတွင်းတူးလို့ ထွက်လာတဲ့မြေစာခဲတွေက လမ်းပေါ်ကနေ မြောင်းထဲကျ။ ကြာလာတော့ မြောင်းတွေပိတ်ဆို့ပြီး ရေတွေကမစီး၊ ရေစီးရေလာကမမှန်။ ဒီတော့ ခြင်တွေက ပေါက်ဖွား၊ အားပါးပါး နောက်ဆက်တွဲ ပြဿနာတွေက ကြောက်စရာကြီးပါလားနော်။

အရင်တုန်းကတော့ ရပ်ကွက်ထဲက အဲဒီလို ခွေးလေခွေးလွင့်တွေကို သက်ဆိုင်ရာမြို့နယ်စည်ပင်က တာဝန်ရှိပုဂ္ဂိုလ်တွေက လာလာပြီး ရှင်းပေးတာမျိုးရှိပါရဲ့။ အခုကျတော့လဲ ဥပုသ်သီတင်းသီလ

❖အစားအစာ အကြွင်းအကျန်တွေ၊ ကြွက်တွေ တွင်းတူးလို့ ထွက်လာတဲ့မြေစာခဲတွေကြောင့် မြောင်းတွေပိတ်ဆို့လာတာတွေကို ရေစီးရေလာကောင်းအောင် ခြင်တွေပေါက်ဖွားမလာအောင် ဘယ်ကယ်တင်ရှင်ဆီကိုသွားပြီး ဘယ်လိုအကူအညီတောင်းခံရမှာလဲ။ ခွေးလေခွေးလွင့်တွေကို ရှင်းလင်းသုတ်သင်ပေးဖို့ ဘယ်သူ့ကို ခယဝပ်တွား အသနားခံရမှာလဲ။ တစ်ခုတော့ရှိတယ်။ ဒီကိစ္စတွေ မရှင်းလင်းသွားရင်ရှိပါစေ။ တိုးပွားမလာအောင် မပြန့်ပွားလာအောင် လုပ်နိုင်တဲ့နည်းတစ်နည်းတော့ရှိတယ်။ အဲဒါကတော့ စားကြွင်းစားကျန်တွေကို ဘယ်သတ္တဝါတွေကိုမှ မကျွေးမွေးဖို့ပဲ။ ❖

ဆောက်တည်ကြတယ်ထင်ပါရဲ့။ ငရဲအိုးကြီးမှာစိုးလို့ ဘယ်သူမှလာမရှင်းကြတော့ဘူး။ အဲဒီတော့ ရပ်ကွက်ထဲမှာ ခွေးလေခွေးလွင့်တွေဟာ တိုးချင်သလို တိုးပြီးပွားချင်သလို ပွားများနေတာပေါ့ခင်ဗျာ။

အဲဒီလို တိုးပွားလာတဲ့ များပြားလာတဲ့ ခွေးတွေဟာ ကိုယ့်နေရာမှာကိုယ် ငြိမ်ငြိမ်မနေကြဘဲ နယ်မြေလုစစ်ပွဲတွေကို ဆင်နွှဲလာကြတယ်ဗျာ။ ဆိုပါစို့ လမ်းတစ်လမ်းကို တစ်ဝက်စီခြမ်းလိုက်ရင် အရှေ့ခြမ်းက ခွေးအုပ်စုနဲ့ အနောက်ခြမ်းက ခွေးအုပ်စု၊ ဒါမှမဟုတ် တောင်ဘက်ကခွေးအုပ်စုနဲ့ မြောက်ဘက်က ခွေးအုပ်စုရယ်လို့ ကွဲပြားခြားနားသွားပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲမနေထိုင် တော့ဘဲ တစ်ကောင်နဲ့တစ်ကောင် မာန်ဖီကိုက်ခဲလို့ တိုက်ပွဲဝင်နေကြတော့တာပါပဲ ခင်ဗျာ။

သူတို့ တိုက်ပွဲတွေကြားမှာ မြေစာပင်ပမာဖြစ်ကြရတဲ့သူတွေကတော့ လမ်းသွားလမ်းလာ လူတကာပါပဲ။ ဆွမ်းခံကိုယ်တော်တွေ၊ ကျောင်းသား၊ ကျောင်းသူတွေ ဝန်ထမ်းအလုပ်သမားတွေနဲ့ ဈေးသည်တွေဟာ သွားရင်းလာရင်း သူတို့တိုက်ပွဲကြားထဲရောက်သွားရင် သက်န်း၊ ပုဆိုး၊ ထဘီပြဲသူပြဲ၊ ဒူးကွဲသူကွဲနဲ့ တချို့ဆို စက်ကွင်းမလွတ်ဘဲ အကိုက်အခဲတောင်ခံရတာ မကြာခဏပါပဲ။

ဒီကိစ္စ ဘယ်သူတာဝန်ယူမလဲ။ ဘယ်ကိုသွားပြီး တိုင်ရမလဲ။ So sorry ပါ။ ဘယ်သူ့မှသွားပြီးမတိုင်နဲ့။ ဘယ်သူမှ တာဝန်ယူဖြေရှင်းပေးမှာလဲမဟုတ်။ ပိုင်ရှင်မဲ့ ခွေးလေခွေးလွင့်တွေလေ။

ကဲ . . .အဲဒါပဲမောင်ရေ . . .ဆိုသလိုပါပဲ။ ရပ်ကွက်ထဲက လမ်းထဲက ကြင်နာတတ်တဲ့ နှလုံးသားပိုင်ရှင်လမ်းသူလမ်းသားတွေရဲ့ အိမ်ရှေ့ရေမြောင်းဘေးက လမ်းမပေါ် စည်းမရှိ၊ ကမ်းမရှိ ငှက်စာ၊ ခွေးစာကျွေးရာကစလိုက်တဲ့ ဇာတ်လမ်းတွေဟာ နောက်ဆက်တွဲ အံ့မခန်း မှတ်တမ်းအဖုံဖုံနဲ့ ရသတွေစုံပါလေ့။

ဒါ . . . ခွေးတစ်ခုပဲရွေးပြီးပြောတာနော်။ လာလတ္တံ့သော ဇာတ်လမ်းတွေ မပါသေးဘူး။ ဥပမာ – ငှက်စာ၊ ခွေးစာအကျန်အကြွင်းတွေက ကြွက်ဆွဲ၊ တချို့မြောင်းထဲကျ။ ကြာတော့ မြောင်းတွေပိတ်ဆို့၊ ရေစီးရေလာကမမှန်၊ ဒီတော့ ခြင်တွေက အားရပါးရပေါက်ဖွား၊ ဒီခြင်တွေနဲ့ ဒီကြွက်တွေကြောင့် ဖြစ်လာရမဲ့ အန္တရာယ်တွေက အမယ်လေး . . . တွေးကြည့်ရင် ကြောက်စရာကြီးပါလား။

ဒီငှက်စာ၊ ခွေးစာဖြစ်တဲ့ အစားအစာအကြွင်းအကျန်တွေကို စည်းမဲ့ကမ်းမဲ့မဟုတ်ဘဲ စည်းကမ်းတကျစနစ်တကျကျွေးအောင် ဘယ်သူက ဘယ်သူ့ကို ဘယ်လိုသွားပြောရမှာလဲ။

အစားအစာ အကြွင်းအကျန်တွေ၊ ကြွက်တွေ တွင်းတူးလို့ ထွက်လာတဲ့မြေစာခဲတွေကြောင့် မြောင်းတွေပိတ်ဆို့လာတာတွေကို ရေစီးရေလာကောင်းအောင်၊ ခြင်တွေပေါက်ဖွားမလာအောင် ဘယ်ကယ်တင်ရှင်ဆီကိုသွားပြီး ဘယ်လိုအကူအညီတောင်းခံရမှာလဲ။ ခွေးလေခွေးလွင့်တွေကို ရှင်းလင်းသုတ်သင်ပေးဖို့ ဘယ်သူ့ကို ခယဝပ်တွား အသနားခံရမှာလဲ။

တစ်ခုတော့ရှိတယ်။ ဒီကိစ္စတွေ မရှင်းလင်းသွားရင်ရှိပါစေ။ တိုးပွားမလာအောင် မပြန့်ပွားလာအောင် လုပ်နိုင်တဲ့ နည်းတစ်နည်းတော့ရှိတယ်။ အဲဒါကတော့ စားကြွင်းစားကျန်တွေကို ဘယ်သတ္တဝါတွေကိုမှ မကျွေးမွေးဖို့ပဲ။

အဲဒီလိုဆိုပြန်တော့လဲ သူတစ်ပါးရဲ့ဝမ်းစာအစာအာဟာရကိုပိတ်ပင်ရာကျအုံးမယ်။ ခက်တော့တာပါပဲ။

ရပ်ကွက်ထဲ လမ်းထဲရှိ ကြင်နာတတ်သော အသည်းနှလုံးပိုင်ရှင်များ စည်းစားကြပါကုန်။ ။

## ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံပဲတီစိမ်း ၁၅၇၁ ဧက ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၆ ဒသမ ၈၉ ဧက တင်းထွက်ရှိ



**ဘုတလင် မတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သောပဲတီစိမ်း ၁၅၇၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၈၉ တင်းထွက်ရှိကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၅၇၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ရာနှုန်းပြည့်ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၈၉ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဘုတလင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်း ၁၅၇၁ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ အခုလက်ရှိမှာတော့ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ပညာပေးတာတွေရှိတယ်။ အထွက်နှုန်းကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပသို့တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

## သံတောင်ကြီးမြို့နယ် လိပ်ပြာကြီးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုစစ်ဆေး

**သံတောင်ကြီး မတ် ၁၆**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် လိပ်ပြာကြီးကျေးရွာအုပ်စု လိပ်ပြာကြီးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ လိပ်ပြာကြီးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးက ကွန်ကရစ်လမ်း ရေရှည်တည်တံ့ခိုင်မြဲအောင် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် မှာကြားသည်။

လိပ်ပြာကြီးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းတစ်ဖက်လျှင် အရှည် ပေ ၂၀၀၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးကာ အနီးကပ်ကြီးကြပ်၍ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးက ပြောပြ၍ သိရသည်။

ကိုသက်

# ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့အနီး တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး ဒေသခံတချို့ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ



**ကင်ဘာရာ မတ် ၁၆**

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့အနီးတွင် မတ် ၁၄ ရက်မှစတင်၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး လေတိုက်နှုန်းများကြောင့် တောမီးသည် မတ်၁၅ ရက်၌ မဲလ်ဘုန်းမြို့အစွန်ရှိ လူနေအိမ်ခြေများနှင့် အခြေခံအဆောက်အအုံများသို့ ကူးစက်လောင်ကျွမ်းခဲ့သဖြင့် ဒေသခံများကိုဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း ဩစတြေးလျမီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုကို အနည်းငယ် ထိန်းချုပ်လာနိုင်ခဲ့ပြီဖြစ်သော်လည်း မဲလ်ဘုန်းမြို့အစွန်နားရှိလူနေအိမ်ခြေတချို့ တောမီးကူးစက် လောင်ကျွမ်းမှုကြောင့် ပျက်စီးခဲ့ကြောင်း မဲလ်ဘုန်းမြို့သည်ဩစတြေးလျနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့တော်ဖြစ်ပြီး လူနေအိမ်ခြေ ထူထပ်သည့်အတွက် တောမီးအန္တရာယ်မှာ စိုးရိမ်ဖွယ်ရာဖြစ်နေကြောင်း၊ တောမီးလောင်ကျွမ်းမှုသည် ဒန်ဒီနွန်တောင်မှ စတင်လောင်ကျွမ်းလာခဲ့ခြင်းဖြစ်ပြီး သစ်တောမြေဟက်တာ ၃၃ ထိ လောင်ကျွမ်းပျက်စီးနေပြီဖြစ်ကြောင်း၊ မိုးရွာသွန်းမှုရှိလာသည့်အတွက် မီးသတ်တပ်ဖွဲ့ဝင်များက လူနေအိမ်ခြေများဆီသို့ ကူးစက်နေသည့်နေရာများတွင် တောမီးကို စတင်ထိန်းချုပ်လာနိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"တောမီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်ခြေတချို့ ပျက်စီးခဲ့ပါတယ်။ ဒါပေမဲ့လဲအချိန်ကိုက် မိုးရွာသွန်းခဲ့တဲ့အတွက် တောမီးကို စတင်ထိန်းချုပ်လာနိုင်ပါပြီ။ လူနေအိမ်ခြေတွေအခြေခံအဆောက်အအုံတွေ တောမီးကူးစက် လောင်ကျွမ်းမှုမျိုးဖြစ်မလာနိုင်တော့ပါဘူး။ တောမီးစတင်လောင်ကျွမ်းခဲ့တဲ့ ဒန်ဒီနွန်တောင်မှာတော့ တောမီးကိုထိန်းချုပ်နိုင်ဖို့ ခက်ခဲနေဆဲဖြစ်ပါတယ်။ အဓိကကတော့ လူနေအိမ်ခြေတွေဆီကို တောမီးကူးစက်လောင်ကျွမ်းလာခြင်းမရှိဖို့ပါပဲ"ဟု ဩစတြေးလျမီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အမေရိကန်နိုင်ငံတစ်ဝန်း လေဆင်နှာမောင်းနှင့် မုန်တိုင်းတိုက်ခတ်မှုတို့ကြောင့် လူ ၂၆ဦးသေဆုံး လူနေအိမ် နှစ်သိန်းကျော်ဓာတ်အားပြတ်တောက်

**ဝါရှင်တန် မတ် ၁၆**

အမေရိကန်နိုင်ငံ တစ်ဝန်း လေဆင်နှာမောင်းနှင့် မုန်တိုင်းတိုက်ခတ်မှုတို့ကြောင့် ပြည်နယ်အများအပြားတွင် မတ် ၁၅ ရက်ထိ လူ ၂၆ ဦး သေဆုံးကြောင်း အမျိုးသား မိုးလေဝသဌာန၏ မတ် ၁၅ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြ ထားသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် ကန်ဆက်ပြည်နယ် ရှမန်ကောင်တီရှိ အဝေးပြေးလမ်းပေါ်တွင် ယာဉ်အစီးရေ ၅၀ ခန့် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ကြောင်း လူနေအဆောက်အအုံနှင့် စာသင်ကျောင်းအများအပြား ထိခိုက်ပျက်စီးပြိုကျသည့်ဖြစ်စဉ်များ ဖြစ်ပွားခဲ့ပြီး လူ ၂၆ဦးထက်မနည်း သေဆုံးခဲ့သည်ဟု သက်ဆိုင်ရာအာဏာပိုင်များက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

မုန်တိုင်းတိုက်ခတ်မှုသည် ပြီးခဲ့သော သီတင်းပတ်ကုန်ရက်များမှစတင်၍ တစ်နာရီ ကီလိုမီတာ ၈၀ နှုန်းဖြင့် ဝင်ရောက်တိုက်ခတ်လျက်ရှိပြီး တက္ကဆက်၊ အိုကလာဟိုးမား၊ အာကန်ဆက်၊ မစ်ဆိုရီ၊ အီလီနွိုက်၊ အင်ဒီယားနား၊ မစ်ချီဂန်ပြည်နယ်တို့သို့ ဖြတ်ကျော်ဝင်ရောက်လျက်ရှိရာ လူနေအိမ်ပေါင်း နှစ်သိန်းကျော် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများဖြစ်ပွားခဲ့ပြီး နိုင်ငံအနှံ့ ရွှေ့လျားလျက်ရှိသော မုန်တိုင်းစနစ်ကြောင့် နိုင်ငံအနှံ့အပြား တောမီးလောင်ကျွမ်းမှုပေါင်း ၁၀၀ ကျော် ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : AZH

# အင်ဒိုနီးရှားနိုင်ငံ၌ ယခုနှစ်တွင် ပူပြင်းခြောက်သွေ့သည့် ရာသီဥတုဖြစ်ပေါ်လာနိုင်ဖွယ်ရှိနေ

**ဂျကာတာ မတ် ၁၆**

အင်ဒိုနီးရှားနိုင်ငံ၌ ပူပြင်းခြောက်သွေ့သည့် ရာသီဥတုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း အင်ဒိုနီးရှား မိုးလေဝသအေဂျင်စီက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ဇွန်လမှစက်တင်ဘာလထိကို နွေကာလအဖြစ်သတ်မှတ်ထားပြီး အဆိုပါကာလအတွင်း ပူပြင်းခြောက်သွေ့မှုနှုန်းမြင့်မား၍ နွေရာသီတွင် စိုက်ပျိုးရမည့်သီးနှံများကို စိုက်ပျိုးရန်ခက်ခဲသည့် အခြေအနေများဖြင့် ရင်ဆိုင်ရကြောင်း၊ ထို့ပြင် ပူပြင်းခြောက်သွေ့မှုနှုန်း မြင့်မားခြင်းကြောင့် တောမီးလောင်ကျွမ်းမှုများဖြင့်ရင်ဆိုင်ရပြီး သောက်သုံးရေခက်ခဲသည့် ပြဿနာများဖြင့်လည်းရင်ဆိုင်ရကြောင်း အပူချိန်အမြင့်ဆုံးကာလမှာ ဇွန်လမှ ဩဂုတ်လအတွင်းဖြစ်သော်လည်း ၂၀၂၅ ခုနှစ်တွင် ဧပြီလမှစတင်၍ အပူချိန် မြင့်မားလာဖွယ်ရှိနေကြောင်း အင်ဒိုနီးရှားမိုးလေဝသအေဂျင်စီက ထုတ်ပြန်သွားခဲ့သည်။

"၂၀၂၅ ခုနှစ် နွေရာသီကာလဟာလဲ ပုံမှန်အတိုင်းပူပြင်းခြောက်သွေ့တဲ့ရာသီဥတုနဲ့ ရင်ဆိုင်သွားရမှာဖြစ်ပါတယ်။ အယ်နီညိုရာသီဥတုမျိုးတော့မဟုတ်ပါဘူး။ ပုံမှန်အတိုင်း အပူချိန်မြင့်မားမယ်၊ ခြောက်သွေ့မယ်။ ပူပြင်းခြောက်သွေ့မှုကြောင့် နွေရာသီကာလမှာ စိုက်ပျိုးရမဲ့ သီးနှံတွေစိုက်ပျိုးဖို့ ခက်ခဲမယ်။ အဓိကပြဿနာကတော့ သောက်သုံးရေခက်ခဲလာနိုင်ခြင်းပါပဲ။ အလားတူ တောမီးလောင်ကျွမ်းမှု အန္တရာယ်နဲ့လဲ ရင်ဆိုင်ရနိုင်တယ်။ ဒါပေမဲ့လဲ ၂၀၂၃ ခုနှစ် လောက်တုန်းကလောက်တော့ ခြောက်သွေ့မှုနှုန်း မမြင့်မားလောက်ဘူး။ ၂၀၂၄ ခုနှစ်ကဖြစ်ပေါ်ခဲ့တဲ့ ခြောက်သွေ့မှုနှုန်းအတိုင်းပဲဖြစ်ပါမယ်" ဟု အင်ဒိုနီးရှား မိုးလေဝသအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ အက်ဟာစီနာက ပြောကြားခဲ့သည်။



Ref : Sputnik News
Trs : Sai Sat

# ဂရိနိုင်ငံတွင် နွေရာသီကာလမတိုင်မီ သောက်သုံးရေကျပ်တည်းမှုပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေ

**အေသင် မတ် ၁၆**

ဂရိနိုင်ငံတွင် ရာသီဥတုလွန်ကဲမှုကြောင့် နွေရာသီကာလမတိုင်မီကပင် သောက်သုံးရေကျပ်တည်းမှုပြဿနာဖြင့် ရင်ဆိုင်သွားရဖွယ်ရှိနေကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အေသင်မြို့ကိုသောက်သုံးရေဖြန့်ဝေပေးနေသည့် မာရသွန်ရေလှောင်တမံ၏ရေလယ်ဗယ်ကျဆင်းလာမှုကြောင့် အေသင်မြို့ခံများအတွက် သောက်သုံးရေကျပ်တည်းမှုကို ရင်ဆိုင်ရဖွယ်ရှိနေကြောင်း၊ ဂရိရေထုအရင်းအမြစ်အဖွဲ့အစည်းကလည်း မာရသွန်ရေလှောင်တမံကို ပြီးခဲ့သောရက်သတ္တပတ်ကတည်းက စောင့်ကြည့်နေပြီး ပြောင်းလဲမှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

"နွေရာသီကာလမှာ နှစ်စဉ် သောက်သုံးရေ ခက်ခဲတဲ့ပြဿနာနဲ့ရင်ဆိုင်ရလေ့ရှိပါတယ်။ ဒီနှစ်မှာတော့ နွေရာသီကာလမတိုင်မီ သောက်သုံးရေ ကျပ်တည်းမှုနဲ့ ရင်ဆိုင်ရဖွယ်ရှိနေတယ်။ ၂၀၀၉ ခုနှစ်ကတည်းက သောက်သုံးရေ လုံလောက်မှုရှိရေးအတွက် အခြေခံ အဆောက်အအုံတွေ တည်ဆောက်လာခဲ့တယ်။ ရင်းနှီးမြှုပ်နှံမှုကလဲ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံထိရှိတယ်။ ဒါပေမဲ့လဲ ရာသီဥတုလွန်ကဲမှုကြောင့် သောက်သုံးရေလုံလောက်မှုမရှိသေးဘူး"ဟု ဂရိရေထုအရင်းအမြစ်အဖွဲ့အစည်းမှ သုတေသီတစ်ဦးက ပြောကြားသွားခဲ့သည်။

နွေရာသီကာလ ရောက်တိုင်း အပူချိန်မြင့်တက်ကာ ခြောက်သွေ့မှုနှုန်းလည်း မြင့်မားခြင်းကြောင့် သောက်သုံးရေ ခက်ခဲသည့် ပြဿနာဖြင့် ရင်ဆိုင်ရလျက်ရှိသည်။ သို့သော်လည်း ၂၀၂၅ ခုနှစ်တွင် ရာသီဥတုလွန်ကဲမှု ပိုမိုပြင်းထန်လာခြင်းကြောင့် အေသင်မြို့အပါအဝင် လူဦးရေထူထပ်သောဒေသများ၌ သောက်သုံးရေကျပ်တည်းသည့်ပြဿနာဖြင့် ရင်ဆိုင်ရနိုင်ကြောင်း ဂရိရေထုအရင်းအမြစ်အဖွဲ့အစည်းမှ ထုတ်ပြန်ထားသည်။

Ref : Russia Today
Trs : Sai Sat

# ဘိုလီဗီးယားနိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် လူနေအိမ်ခြေတချို့နှင့် စိုက်ခင်းများပျက်စီး

**လာပါ့ဇ် မတ် ၁၆**

ဘိုလီဗီးယားနိုင်ငံ၏ တောင်တန်းဒေသတစ်ခုဖြစ်သော ဗီယာချာနယ်မြေတွင် မိုးသည်းထန်စွာ ရွာသွန်းကာ ရေကြီးရေလျှံမှုများဖြစ်ပေါ်ပြီး ရေကြီးရေလျှံမှုကြောင့် လူနေအိမ်ခြေတချို့နှင့် စိုက်ခင်းအမြောက်အမြား ပျက်စီးခဲ့ကြောင်း ဗီယာချာနယ်မြေအာဏာပိုင် အဖွဲ့အစည်းက ထုတ် ပြန်ခဲ့သည်ဟု မတ် ၁၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပျက်စီးခဲ့သည့် လူနေအိမ်ခြေအရေအတွက်ကို စိစစ်နေဆဲဖြစ်သကဲ့သို့ ပျက်စီးခဲ့သောစိုက်ခင်းဧရိယာပမာဏကိုလည်း ထုတ်ပြန်နိုင်ခြင်းမရှိသေးကြောင်း၊ရေလွှမ်းမှုကြောင့် လမ်းမကြီးများလည်း ရေမြုပ်နေသည့်အတွက် လမ်းပန်းဆက်သွယ်ရေးလည်း အခက်အခဲရှိနေကြောင်း၊ ရေကြီးရေလျှံမှုကြောင့် အာလူးစိုက်ခင်းများနှင့် မုယောစပါးစိုက်ခင်း အမြောက်အမြားပျက်စီးခဲ့ပြီး အခြားသောကောက်ပဲသီးနှံများလည်း ပျက်စီးမှုများရှိခဲ့ကြောင်း ဗီယာချာနယ်မြေ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မိုးရေချိန်မြင့်မားစွာရွာသွန်းခဲ့ခြင်းကြောင့် မြစ်ရေလျှံတက်ပြီး ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ လူနေအိမ်ခြေတချို့ပျက်စီးပြီး အဓိက ဆက်သွယ်သွားလာရေးလမ်းမတွေ ရေမြုပ်နေတယ်။ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ ဒေသခံလူဦးရေ ၆၀၀ ထက်မနည်း ရှိနေပါတယ်။ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် ကယ်ဆယ်ရေး ဝန်ထမ်းတွေက ဘေးလွတ်ရာ ရွှေ့ပြောင်းနေရတဲ့ ဒေသခံတွေကို ကူညီပေးနေပါတယ်"ဟု ဗီယာချာနယ်မြေ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

## အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိ ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်(ပုံစံ-၇)ရရှိထားသူများနှင့် မြေခွန်ပြေစာဖြင့် မြေနုစိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိထားသူများ သိရှိနိုင်ရန် ကြေညာချက်

၁။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအား မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် Mandalay Business Capital City Development ltd., တို့သည် မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မန္တလေးမြို့ ရေကြီးရေလျှံမှုလျော့ချနိုင်ရေးအတွက် ၂၀၁၆ ခုနှစ်တွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စာချုပ်ချုပ်ဆိုခဲ့ပြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ကို ၂၀၁၇ ခုနှစ်တွင် ခွင့်ပြုချက်ရရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်း စီမံကိန်းနှင့်သက်ဆိုင်ခြင်းမရှိသောလုပ်ငန်းများ ဆောင်ရွက်ခွင့်မရှိကြောင်း ညွှန်ကြားချက်အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိ ပုံစံ(၇)ဖြင့် ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိသူများ၏ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို မြေ (၁ ဧက)လျှင် ကျပ်သိန်း (၁၅၀၀)နှုန်း၊ မြေခွန်ပြေစာဖြင့် မြေနုစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများ၏ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို မြေ (၁ ဧက)လျှင် ကျပ်သိန်း (၇၅၀)နှုန်းဖြင့် သတ်မှတ်ဝယ်ယူပေးခြင်းနည်းလမ်းနှင့်လည်းကောင်း၊ စီမံကိန်းဧရိယာအတွင်း မြို့မြေကွက်များဖြင့် စီမံကိန်းစာချုပ်ပါအတိုင်း လဲလှယ်ပေးခြင်းနည်းလမ်းနှင့်လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ အဆိုပါနည်းလမ်းများနှင့် ဆောင်ရွက်ခဲ့ရာ စီမံကိန်းဧရိယာ၏ (၈၀%)ခန့် ဆောင်ရွက်ပြီးမြောက်ခဲ့ပြီးဖြစ်ပါသည်။

၃။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်း စိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများအနက် အကြောင်းအမျိုးမျိုးတို့ကြောင့် လာရောက်ရောင်းချခြင်း၊ စီမံကိန်းတွင်ပေါ်ထွက်လာမည့် မြို့မြေကွက်များနှင့် စီမံကိန်းစာချုပ်ပါအတိုင်း လာရောက်လဲလှယ်ခြင်း၊ ဆောင်ရွက်ရန်ကျန်ရှိသူများအား မိမိတို့၏စိုက်ပျိုးလုပ်ကိုင်ခွင့်များအတွက် ပြန်လည်ရရှိမည့် ငွေကြေး (သို့မဟုတ်) စီမံကိန်းမြို့မြေကွက်များ လာရောက်ရယူနိုင်ရန် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီက (၁၅-၉-၂၀၂၃)ရက်နေ့တွင် ရက်ပေါင်း (၆၀) ပထမအကြိမ်အဖြစ်လည်းကောင်း၊ (၁၈-၁-၂၀၂၄)ရက်နေ့တွင် ရက်ပေါင်း (၃၀) ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ (၁၁-၁၁-၂၀၂၄)ရက်နေ့တွင် ရက်ပေါင်း(၇)ရက် တတိယအကြိမ်အဖြစ်လည်းကောင်း သတင်းစာများတွင် ကြေညာပေးခြင်း၊ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံးများတွင် ကြေညာချက် ဗီနိုင်းများကပ်ပြီး အသိပေးခြင်းများဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၄။ ထို့အပြင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အထောက်အကူပြုကော်မတီမှ ဖွဲ့စည်းပေးခဲ့သည့် မြေယာဝယ်ယူရေးနှင့် မြို့မြေစလစ်လဲလှယ်ရေးဆပ်ကော်မတီအနေဖြင့် စီမံကိန်းဧရိယာအတွင်းရှိ ပုံစံ (၇)ဖြင့် ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများနှင့် မြေခွန်ပြေစာဖြင့် မြေနုစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများ၏ မြေယာများ လာရောက်ရောင်းချရန်ကျန်ရှိသူများ၊ မြို့မြေကွက်လဲလှယ်ရန် ကျန်ရှိသူများအား (၁၁-၄-၂၀၂၄) ရက်နေ့မှ (၁၃-၇-၂၀၂၄) ရက်နေ့အတွင်း (ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ) (၆)ကြိမ် ခေါ်ယူတွေ့ဆုံခဲ့ပြီးဖြစ်ပါသည်။

၅။ ယခုအခါ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိပြီး စီမံကိန်းသို့လာရောက်ရောင်းချရန် (သို့မဟုတ်) မြို့မြေကွက်များနှင့် လာရောက်လဲလှယ်ရန် ကျန်ရှိနေသည့် မြေခွန်ပြေစာဖြင့် မြေနုစိုက်ပျိုးခွင့်ရရှိထားခဲ့သော မြေနေရာလုပ်ကိုင်ခွင့်ရရှိသူ (၁၃)ဦး၊ (၈၀.၂၈)ဧက၏ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို ပယ်ဖျက်ရုပ်သိမ်းပြီးဖြစ်ပါသည်။

၆။ ဆက်လက်ပြီး အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း ဧရိယာအတွင်းရှိပြီး စီမံကိန်းသို့ လာရောက်ရောင်းချရန် (သို့မဟုတ်) မြို့မြေကွက်များနှင့် လာရောက်လဲလှယ်ရန် ကျန်ရှိနေသည့် ကွင်းအမှတ်(၆၀၃၊ ၆၀၄၊ ၆၀၅-က၊ ၆၀၅၊ ၆၀၆-က၊ ၆၀၆၊ ၆၀၇၊ ၆၀၈၊ ၆၀၉၊ ၆၁၁(ရွှေကြက်ယက်))အတွင်းရှိ ပုံစံ (၇)ကိုင်းမြေ လုပ်ကိုင်ခွင့်ရရှိသူ (၅၄၇)ဦး၊ (၇၁၆.၆၁)ဧက၏ ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်အထောက်အထားရှိသူများအနေနှင့် မိမိတို့၏စိုက်ပျိုးလုပ်ကိုင်ခွင့် စာရွက်စာတမ်းမူရင်းများဖြင့် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အထောက်အကူပြုကော်မတီတွင် (၃၁-၃-၂၀၂၅) ရက်နေ့ နောက်ဆုံးထားပြီး သတ်မှတ်နှုန်းထား ငွေကြေးသော်လည်းကောင်း၊ စီမံကိန်းစာချုပ်ပါအတိုင်း စီမံကိန်းမှ ပေါ်ထွက်လာမည့် မြို့မြေကွက်သော်လည်းကောင်း ရယူ/ထုတ်ယူနိုင်ရန် အသိပေးအပ်ပါသည်။

၇။ နောက်ဆုံး ဆက်သွယ်ဆောင်ရွက်ရမည့် သတ်မှတ်ရက် (၃၁-၃-၂၀၂၅)ရက်နေ့ ကျော်လွန်ပါက အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိ ပုံစံ (၇)ကိုင်းမြေ လုပ်ကိုင်ခွင့်ရရှိသူ (၅၄၇)ဦး၊ (၇၁၆.၆၁)ဧကများမှ စီမံကိန်းမြို့မြေဖြင့် လာရောက်တင်ပြလဲလှယ်ရန် ကျန်ရှိသော ပုံစံ (၇)ကိုင်းမြေ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို ဆက်လက်ပယ်ဖျက်ရုပ်သိမ်းသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အတွင်းရေးမှူး**
**အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ**

**ဆက်သွယ်ရန်**

- ခရိုင်အုပ်ချုပ်ရေးမှူး၊ အမရပူရခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
  ဖုန်းနံပါတ်(၀၉-၂၀၀၉၅၅၆)
- အတွင်းရေးမှူး၊ အမရပူရမြို့ပြ ဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ
  ဖုန်းနံပါတ် (၀၉-၄၂၈၀၀၁၄၅၄)
- အဖွဲ့ဝင်၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ
  ဖုန်းနံပါတ် (၀၉-၉၆၉၉၈၈၀၁၁/ ၀၉-၉၆၉၉၈၈၈၉၇)


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**အရိုးရောဂါအထူးကုဆေးရုံကြီး**
**ဆေးရုံအုပ်ကြီးရုံး၊ မန္တလေးမြို့**
**"အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း"**

မန္တလေးမြို့၊ အရိုးရောဂါအထူးကုဆေးရုံကြီးတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ကန်ထရိုက်စနစ်ဖြင့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ငှားရမ်းလုပ်ကိုင်ခွင့်လုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါများ ပေးသွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါစည်းမျဉ်းစည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက် - (၁၇-၃-၂၀၂၅)ရက် (တနင်္လာနေ့)

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - (၂၄-၃-၂၀၂၄)ရက် (တနင်္လာနေ့)၊ ညနေ(၀၄:၃၀)နာရီ

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း/သာမာန်အသုံးစရိတ် ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် ဝယ်ယူရန်လျာထားသည့် ကတ္တရာအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါကြောင်း၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့နှင့် ကျောက်ဆည်၊ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ နွားထိုးကြီး၊ ပျော်ဘွယ်၊ မလှိုင်၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ သာစည် မြို့နယ် (၉)မြို့နယ်၏ မြို့ရေပေးရေးလုပ်ငန်းများအတွက် ဆိုလာတပ်ဆင်ခြင်း လုပ်ငန်း (၁၂)ခုအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (၁) | ကတ္တရာ(၆၀/၇၀) | ၁၂၁.၁၁ တန် |
| (၂) | ကတ္တရာ(၈၀/၁၀၀) | ၂၉၀.၁၁၉ တန် |
| | စုစုပေါင်း | ၄၁၁.၂၂၉ တန် |
| (၃) | ဆိုလာတပ်ဆင်ခြင်းလုပ်ငန်း | Lot (၇) ခု |

လျှောက်လွှာစတင်ရောင်းချရက် - ၆-၃-၂၀၂၅
တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် - ၂၈-၃-၂၀၂၅
တင်ဒါဖွင့်လှစ်မည့်ရက် - ထပ်မံအသိပေးသွားပါမည်။
လျှောက်လွှာဝယ်ယူရမည့်နေရာ - မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး၊ ၂၆လမ်းနှင့် ပြင်ဦးလွင်မြို့ပတ်လမ်းထောင့်၊ ဖုန်း ၀၂-၄၀၅၇၀၀၄၊ ၄၀၅၇၀၀၅၊ ၀၉-၂၀၇၄၃၂၄၊ ၀၉-၄၄၂၂၁၂၃၂

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မှော် အရှေ့ရပ်ကွက်နေ ဦးသန်းဝင်း (ခ) ဦးလိမ္မော်+ဒေါ်နုနုတို့၏သမီး မခိုင်ခိုင်ဆွေ(၉/မဟမ(နိုင်)၀၁၈၀၁၈)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ငွေရေးကြေးရေးနှင့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးသန်းဝင်း (ခ) ဦးလိမ္မော်(၉/မနတ(နိုင်)၀၉၃၂၉၇)

# ဝန်ထမ်းအလိုရှိသည်

- ခေါင်းလျှော်ကျွမ်းကျင်(၅)သိန်း(၅)ဦး
- အလုပ်သင် (၅)ဦး

**Long Style (09-2053849)**

(၆၆-၆၇၊ ၃၈)လမ်းထောင့်၊ မန္တလေးမြို့

**အဖိုးတန်**
**ရေချိုကို**
**ချွေတာပါ**


"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm







# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၃-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၈၀ | ၃၁၉၅ | ၃၁၆၀ | ၃၀၉၅ | ၃၂၀၀ | ၃၂၁၅ | ၃၂၃၅ | ၃၁၅၀ | ၄၅၀၅ | ၃၄၄၅ | ၃၁၇၀ | ၃၁၇၀ | ၃၂၄၀ | ၃၂၀၅ | ၃၂၂၅ | ၃၄၈၅ |
| 95 Ron | ၃၁၃၅ | ၃၂၅၀ | ၃၂၁၅ | ၃၁၅၀ | ၃၂၅၅ | ၃၂၇၀ | ၃၂၈၅ | ၃၂၀၅ | ၄၅၆၀ | ၃၅၀၀ | ၃၂၂၀ | ၃၂၂၅ | ၃၂၉၅ | ၃၂၆၀ | ၃၂၈၀ | ၃၅၃၅ |
| HSD (500 ppm) | ၂၆၅၅ | ၂၇၇၀ | ၂၇၃၅ | ၂၆၇၀ | ၂၇၇၅ | ၂၇၉၀ | ၂၈၁၀ | ၂၇၂၅ | - | ၃၀၂၀ | ၂၇၄၅ | ၂၇၄၅ | ၂၈၁၅ | ၂၇၈၀ | ၂၈၀၅ | ၃၀၆၀ |
| HSD (50 ppm) | ၃၂၈၅ | ၃၄၀၀ | ၃၃၆၅ | ၃၃၀၀ | ၃၄၀၅ | ၃၄၂၀ | ၃၄၄၀ | ၃၃၅၅ | ၄၈၃၀ | ၃၆၅၀ | ၃၃၇၅ | ၃၃၇၅ | ၃၄၄၅ | ၃၄၁၀ | ၃၄၃၅ | ၃၆၉၀ |
| HSD (10 ppm) | ၃၂၈၅ | ၃၄၀၀ | ၃၃၆၅ | ၃၃၀၀ | ၃၄၀၅ | ၃၄၂၀ | ၃၄၄၀ | ၃၃၅၅ | - | ၃၆၅၀ | ၃၃၇၅ | ၃၃၇၅ | ၃၄၄၅ | ၃၄၁၀ | ၃၄၃၅ | ၃၆၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၉ | ၃၀၀၁ |
| 95 Ron | ၂၉၆၁ | ၃၀၅၃ |
| HSD (500 ppm) | ၂၄၉၇ | ၂၅၇၇ |
| HSD (50 ppm) | ၃၁၀၈ | ၃၂၀၀ |
| HSD (10 ppm) | ၃၁၀၈ | ၃၂၀၀ |

**မှတ်ချက်။**

(၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❖ စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာ ဌာနကြီးတစ်ခုဖြစ်...

❖ စာဖတ်စေရန်နှင့် စာဖတ်အားများ တက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်...

❖ တစ်ဦးချင်း အသိပညာများ ကြွယ်ဝစေရန်အတွက် စာဖတ်ရန်လို...

❖ ဖတ်ရှုသည့်စာကို ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလို...

❖ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများတိုးပွားလာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၁၀ ရက်တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။


**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအပါအဝင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် အထင်ကရနေရာများကို နှစ် ၈၀ ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင်ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများက သွားရောက်ဖူးမြော်လေ့လာ



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နှစ် ၈၀ ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင်ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့က ဖူးမြော်လေ့လာကြစဉ်။

**နေပြည်တော် မတ် ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နှစ် ၈၀ ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့

စာမျက်နှာ ၂၀ ကော်လံ ၁☆

